မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးသန်စန်း၊ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လိုက်ပါသွား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

နာဆာဂြိုဟ်တုမှ ပေးပို့သော ဓာတ်ပုံများအရ ကမ္ဘာ့ဆီးနှင်းလွှာဖုံးလွှမ်းမှု လျော့နည်းလာကြောင်းတွေ့ရှိ စာ-၄



တိုက်စစ်မှူး ဆွာရက်ဇ် လီဗာပူး၌ ဆက်ကစားမည် စာ-၅

ကလေးတစ်နှစ်သားအထိ နို့တိုက်သောမိခင်များ ရင်သားကင်ဆာ ဖြစ်ပွားမှုနည်းပါး စာ-၄

မြန်မာ့အလင်း **သုတေသနသိပ္ပံ**

ကောင်းမြတ်သူ – ရေးသားသည်

ကမ္ဘာ့အမြန်ဆုံးကား ထုတ်လုပ်ကြမည်

ပတ်သ် မတ် ၂၀

ကမ္ဘာ့အမြန်ဆုံးမော်တော်ကားကို ဩစတြေးလျပညာရှင်များက ကြိုးစားတည်ဆောက်နေပြီဖြစ်ကြောင်း မတ် ၂၀ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ပတ်သ်မြို့၌ ဩစတြေးလျ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက အဆိုပါ ကမ္ဘာ့အမြန်ဆုံးမော်တော်ကားထုတ်လုပ်မည်ဖြစ်သည်။ ယင်းကုမ္ပဏီက ထုတ်လုပ်မည့် ကမ္ဘာ့အမြန်ဆုံးကားသည် ၁ နာရီ ကီလိုမီတာ ၁၀၀၀ နှုန်းဖြင့် မောင်းနှင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

အလားတူ ဗြိတိသျှကားသုတေသနအဖွဲ့တစ်ဖွဲ့ကလည်း ကီလိုမီတာ ၁၀၀၀ နှုန်း မောင်းနိုင်သည့်ကားကို ထုတ်လုပ်ရန်ကြိုးစားနေသည်။ ဘလက်ဟောင်းဟု အမည်ရသည့် အသံထက်မြန်သော အဆိုပါမော်တော်ကားကို ဗြိတိသျှကုမ္ပဏီက ထုတ်လုပ်ရန် ကြိုးစားနေခြင်းဖြစ်သည်။

ဘလက်ဟောင်းကုမ္ပဏီအနေဖြင့် လွန်ခဲ့သော သုံးနှစ်မှ စတင်ပြီး ကမ္ဘာ့အမြန်ဆုံး မော်တော်ကားကို ထုတ်လုပ်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ၎င်းမော်တော်ကားတွင် ယူရိုဖိုက်တာလေယာဉ်အင်ဂျင်ကို တပ်ဆင်မည်ဟု ဆိုသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၂၁ ရက်)

လယ်ယာကဏ္ဍ တိုးတက်စေဖို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အစဉ်သဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိပေသည်။ ယနေ့ခေတ်အခါသည် တိုးတက်ပြောင်းလဲနေသည့် ခေတ်စနစ်ဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အမှန်ပင်လိုအပ်၏။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှသာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားသည် ပိုမိုခိုင်မာလာမည်ဖြစ်၏။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးမှု၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် ပြောင်းလဲမှု၊ ခေတ်မီမြေယာပြုပြင်မှုနှင့် စက်မှုလယ်ယာစနစ် ပြောင်းလဲမှုဟူသည့် ပြောင်းလဲမှုငါးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ စပါးစိုက်ပျိုးအောင်မြင်နေမှုများကို ကွင်းဆင်းသွားရောက် ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားခဲ့ပေသည်။

နိုင်ငံတော်သမ္မတကြီး၏ အထက်ပါလမ်းညွှန်မှာကြားချက်များသည် မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလွန်ပင်တန်ဖိုးရှိလှပေသည်။ လယ်ယာ လုပ်ငန်းခွင် ဝင်ရောက်နေကြကုန်သော တောင်သူဦးကြီး အပေါင်းတို့သည် သမားရိုးကျ မိရိုးဖလာအတိုင်း စိုက်ပျိုးလုပ်ကိုင်လိုသည့်စိတ်ဓာတ်ကို ပြောင်းလဲကြရပေမည်။ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်မြင်နေကြသည့် နိုင်ငံများကဲ့သို့ တိုးတက်အောင်မြင်လိုသောစိတ်ဓာတ် အပြည့်အဝ ထားရှိမွေးမြူကြရန် အထူးလိုအပ်လှ၏။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးသည် အဓိက လိုအပ်ချက်ပင်ဖြစ်၏။ ''မျိုးစေ့မမှန် ပင်မသန်၊ မျိုးမှန်မှ ပျိုးသန်မည်''ဟူသော စကားရှိ၏။ မျိုးကောင်းမျိုးသန့်စပါးကို ပြောင်းလဲစိုက်ပျိုးပါမှ အထွက်နှုန်းကောင်းပေလိမ့်မည်။ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးသည် အထူးအရေးကြီး၏။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးဇုန်များ ထူထောင်ပြီး မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးရန် လိုအပ်ပေသည်။ ဤသို့ မျိုးကောင်းမျိုးသန့်များ များများထုတ်လုပ်ဖြန့်ဖြူးပေးလိုက်ခြင်းဖြင့် တစ်တိုင်းတစ်ပြည်လုံး စံအထွက်နှုန်းများ တိုးတက်ရရှိလာမည်ဖြစ်၏။

စပါးတစ်ဧကအထွက်နှုန်းကောင်းရန် ခေတ်မီစိုက်နည်းစနစ်ကို ပြောင်းလဲစိုက်ပျိုးရန်လည်း လိုအပ်၏။ ယခုအခါ စပါးအထွက်နှုန်းကောင်းစေရန် ပေါင်စနစ်ဖြင့် စိုက်ပျိုးနေကြပြီဖြစ်၏။ အထွက်နှုန်းကောင်း စိုက်စနစ်များသုတေသနပြု ဖော်ထုတ်လျက် အကောင်းဆုံးနည်းစနစ်များဖြင့် စဉ်ဆက်မပြတ်စိုက်ပျိုးသွားသင့်၏။

အလားတူ ခေတ်မီမြေယာ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ကြရန်လည်း လို၏။ မြေသည်ချဉ်သောအရသာ၊ ငန်သောအရသာဟူ၍ ရှိကြ၏။ ယင်းတို့ကို စပါးစိုက်ပျိုးရန် အကောင်းဆုံးအနေအထားသို့ ရောက်ရှိအောင် သိပ္ပံနည်းကျစနစ်ဖြင့် ပြုပြင်ပေးနိုင်၏။ စိုက်ပျိုးရေးကျွမ်းကျင်သူများထံမှ အကြံဉာဏ်များရယူကာ လိုအပ်သည့် မြေသြဇာအချိုးအစားများ အသုံးပြုပေးခြင်းဖြင့် မြေယာပြုပြင်ပေးနိုင်၏။ မြေယာကို ပြုပြင်ပေးလိုက်ခြင်းဖြင့် အထွက်နှုန်းကောင်းလာနိုင်၏။

ယနေ့ခေတ်သည် တိုးတက်လာသည့်ခေတ်နှင့်အညီ စက်မှုလယ်ယာစနစ် ပြောင်းလဲရေးဆိုသည်မှာလည်း မလွဲမသွေဆောင်ရွက်ရမည့် ကိစ္စပင်ဖြစ်၏။ စက်ဖြင့်လုပ်ခြင်းသည် လက်ဖြင့်လုပ်ခြင်းထက် အချိန်ကုန်သက်သာစေ၏၊ အလေအလွင့်နည်းပါးစေ၏၊ လုပ်အားဆုံးရှုံးမှု သက်သာစေ၏၊ စက်ဖြင့်လုပ်ကိုင်ခြင်းကြောင့် အချိန်မီစိုက်ပျိုးနိုင်၏။

သို့ပါ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်လျက် ဖော်ပြပါ ပြောင်းလဲမှုငါးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

Measurement Standards in Myanmar ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၀

ထိုင်းနိုင်ငံ National Institute of Metrology (Thailand)၊ ဂျပန်နိုင်ငံ (Japan International Coordination Agency) JICA နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ်မြောက်ကျင်းပသော seminar and workshop on "Measurement Standards in Myanmar" ကို မတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်အခမ်းအနားဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးနှင့် ဂျပန်နိုင်ငံ (Japan International Coordination Agency) JICA မှ ဌာနေကိုယ်စားလှယ် Mr. Masahiko Tanaka တို့က အမှာစကားပြောကြားကြပြီး အခမ်းအနားသို့ ကုန်သည်/ စက်မှုအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ကုန်သည်/စက်မှုအသင်းချုပ်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ကျွန်းစုမြို့ ဓာတ်အားဖြန့်ဖြူးရေးအတွက် မီးစက်ပေးအပ်လှူဒါန်း

ကျွန်းစု မတ် ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကျွန်းစုမြို့ ဓာတ်အားဖြန့်ဖြူးရေးစနစ်အတွက် ထောက်ပံ့သော CATTERPILLER(500)KVA ENGINE မီးစက်ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို မတ် ၁၂ ရက် နံနက် ၁၁ နာရီက ကျွန်းစုမြို့ ဆိပ်ကမ်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ချောက်မြို့နယ်၌ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်

ချောက် မတ် ၂၀

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပုပ္ပကန်ကျေးရွာအုပ်စု နတ်စင်ကန်ကျေးရွာ လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စာကြည့်တိုက် အဆောက်အအုံသစ်ကို မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ အလှူရှင်ဦးဝင်းတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသံဒိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နတ်စင်ကန်ကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသူလေးများက စာကြည့်တိုက်ဆိုင်းဘုတ်ကို၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားပြီး အလှူရှင် ဦးဝင်းတင်က ဆောက်လုပ်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်စာစောင်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပေးအပ်လှူဒါန်းရာနတ်စင်ကန်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် နလင်ကန်(အနောက်)ကျေးရွာသုတဉာဏ်ရောင်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က လက်ခံယူကြသည်။ အဆိုပါစာကြည့်တိုက်မှာ သွပ်မိုး၊ အုတ်ကာ၊ အလျား ၃၄ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၁၄ ပေရှိပြီး ငွေကျပ် ၇၉ သိန်းကုန်ကျခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျေးရွာသုံးစိုက်ခင်းမှ အိမ်တိုင်နှင့်ထင်းများ ရွှေတောင်မြို့နယ်၌ဝေငှ

ရွှေတောင် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျေးရွာသုံးစိုက်ခင်းမှ အိမ်တိုင်နှင့် ထင်းများပေးအပ်ပွဲကို မတ် ၄ ရက် နံနက် ၉ နာရီက ရွာသစ်ကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ကျေးရွာသုံးအိမ်တိုင်နှင့် ထင်းများပေးဝေခြင်းဆိုင်ရာသိကောင်းစရာများပြောကြားကာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစည်သူလင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများပြောကြားကြသည်။

ထို့နောက် (၁/၁၉၉၉)ကျေးရွာသုံးစိုက်ခင်း ဧက ၂၀၀ မှ အိမ်တိုင် ၁၄၄ လုံးနှင့် ထင်းငါးတန်ကို ကျွဲတလင်း ကျေးရွာအုပ်စုဒေသခံပြည်သူများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် တာဝန်ရှိသူများက ပေးဝေခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မြန်မာ့အလင်း)

ရေချိုငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရန်ကုန် မတ် ၂၀

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ကော့မှူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ ရေချို သုတေသနဌာန ငါး၊ ပုစွန်ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းဌာနစုတို့မှ ပညာရှင်များ၊ တာဝန်ရှိသူများသည် ကော့မှူးမြို့နယ် မဆင်ဆိပ်ကျေးရွာအုပ်စု ရခိုင်စုကျေးရွာအတွင်းရှိ ရေချိုငါးမွေးမြူရေးကန်များသို့ ကွင်းဆင်းသွားရောက်ပြီး ငါးများ၏ ကျန်းမာရေးအခြေအနေစစ်ဆေးခြင်း၊ ကန်ရေ အရည်အသွေး စစ်ဆေးခြင်း၊ ငါးရောဂါကုသကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ထန်းတပင်၌ဆွေးနွေး

ရန်ကုန် မတ် ၂၀

၂၀၁၂ခုနှစ် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို မတ် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာခင်မောင်တင်က ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံရခြင်းနှင့်ပတ်သက်သည်များကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်းသိရှိရသည်။

(ဝ၄၈)

သဘာဝဒီရေတောရေပြင်အတွင်း ကဏန်းများမျိုးစိုက်ထည့်

ဖျာပုံ မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနသို့ ကဏန်းမျိုးများ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက ဖျာပုံမြို့၌ကျင်းပရာ ရွှေမင်းသားကဏန်းဒိုင်ပိုင်ရှင် ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်သီတာခိုင်တို့က ၁၀၀ ဂရမ်အောက် အလေးချိန် ကီလို ၆၂၀ ရှိ ကဏန်းကောင်ရေ တစ်သောင်းကျော်ကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် အဆိုပါ ကဏန်းများကို သဘာဝဒီရေတောရေပြင်ထဲသို့ မတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးနှင့် ဝန်ထမ်းများ၊ ဖျာပုံ ငါးလုပ်ငန်းသင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးစန်းအောင်၊ ရွှေမင်းသားကဏန်း ဒိုင်ပိုင်ရှင်နှင့် ရေလုပ်သားများက မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (ဝ၆၇)

စာအုပ်စာပေ လှူမိတ်ဆွေ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး
မွန်ပြည်နယ်/ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ
လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး ရှင်းလင်းမှာကြား

တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဆန်းခန်းမ၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင်ကော်မရှင်အဖွဲ့ခွဲ နှင့် မော်လမြိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မတ် ၁၉ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဆန်းခန်းမ၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မော်လမြိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းအေးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်ထွန်းက ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဌေးလွင်က လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်အား
JICA Myanmar Office မှ တရားဥပဒေရေးဆိုင်ရာ အကြီးတန်းအကြံပေး Mr. NAOSHI SATO လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၀

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်အား JICA Myanmar Office မှ တရားဥပဒေရေးဆိုင်ရာ အကြီးတန်းအကြံပေး Mr. NAOSHI SATO သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး**(ဝဲပုံ)** ဥပဒေပြုရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဌေးအောင်အား
Dai Ichi Kotsu Sangyo Inc မှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၂၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား ဂျပန်နိုင်ငံ ဖူကူအိုကာခရိုင်အခြေစိုက် Dai Ichi Kotsu Sangyo Inc ညွှန်ကြားရေးမှူး Mr. Arai Haruo နှင့် မန်နေဂျာ Mr. Kitazaki Yuichi တို့သည် MOA Travels & Tours Co., Ltd. မှ Managing Director MARY SAW နှင့်အတူ မတ် ၁၉ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)**မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၌ Tourist များအတွက် အဆင့်မြင့် Taxi သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက် သုတကောင်းကင် စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်နှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို မတ် ၁၅ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က သုတရသစာအုပ်စာစောင် ၂၅၀ ကို ပေးအပ်လှူဒါန်းသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ထွန်း လက်ခံယူစဉ်။

(မြန်မာ့အလင်း)

စာပေမြင့်မှ

လူမျိုးတင့်မည်

တစ်ပြည်လုံး သာယာမည်

နေပြည်တော် မတ် ၂၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စဉ့်ကူးမြို့နယ် လက်ပန်လှ-မာလဲကျေးလက်ကျောက်ချောလမ်းနှင့်တံတားများဖွင့်ပွဲကို မတ် ၁၀ ရက်က အဆိုပါလမ်းရှိ မင်္ဂလာမုခ်ဦး၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ထွေ/အုပ်)

စာကြည့်တိုက်ဆီသို့ သွားကြစို့

❍ ကျွန် အဖြစ်
နွံနစ်ခဲ့...အမွေ
စာပေမတတ် လက်ဗွေခတ်
စာပေမတတ် ကြက်ခြေခတ်...။

❍ ဟို..တစ်ခေတ်..
အမြစ်လှန် တူးဆွ..
ဝ.ထ.က.လ.သ တစ်ခေတ်ကျော်ဖြတ်
လက်ဗွေနှိပ် ကြက်ခြေခတ်မဟုတ်တော့..
စာတတ်လို့ ဂုဏ်သိန်တင့်
စာဖတ်ရှိန်မြှင့်ခဲ့ ဒို့ပြည်သူ
ကျေးရွာစာကြည့်တိုက်များ ဝိုင်းဝန်းကူ..။

❍ ဒို့ ဒီခေတ်..
ဆိုးညစ်အမွေ မရှိ
အသစ်တွေ အနှစ်တွေ
အစစ်တွေ အစဉ်ရှင်သန်ထွား
စာမတတ်သူ ပပျောက်သွားပြီးနောက်
စာမဖတ်သူ ပပျောက်သွားအောင်
ကြိုးစားအားစိုက် ပညာဘဏ်တိုက်ကိုဖွင့်
အသင့်စောင့်နေတဲ့ စာအုပ်များအကြား
ဒို့များပျော်ပိုက်
စာကြည့်တိုက်ဆီသို့ သွားကြစို့..။ ။

မင်းရဲကျော်

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အင်္ဂလန်ရှိရှေးဟောင်းပစ္စည်း ထောင်ပေါင်းများစွာ မသမာသူများ၏ လက်ချက်ကြောင့် ပျက်စီးလျက်ရှိ

လန်ဒန် မတ် ၂၀

အင်္ဂလန်နိုင်ငံအတွင်းရှိ သမိုင်းဝင်ရှေးဟောင်းဘိုးဘွားပိုင်အဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်း ထောင်ပေါင်းများစွာမှာ နှစ်စဉ်နှစ်တိုင်းလိုပင် မသမာသူများ၏ လက်ချက်ကြောင့် ပျက်စီးပျောက်ဆုံးရကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ တိမ်ကောသွားမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သုတေသီများ၏ စိုးရိမ်ပူပန်မှုကို အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပျောက်ဆုံး

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း ရှေးဟောင်းအဆောက်အအုံ ၇၀၀၀၀ ခန့်ကို စူးစမ်းလေ့လာမှုများ ပြုလုပ်ရာတွင် ငါးပုံတစ်ပုံခန့်မှာ ပျက်စီးမှုများရှိကာ ရှေးအမွေအနှစ်လက်ရာပစ္စည်းများ ပျောက်ဆုံးလျက်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သဘာဝဘေးကြောင့် ပျက်စီးခြင်းထက် မသမာသူများအနေဖြင့် ရှေးဟောင်းအမွေအနှစ်များကို ဖျက်ဆီးပြီး ထိုအဆောက်အအုံများအတွင်းမှ ပစ္စည်းများကို ခိုးယူခဲ့ကြသည်မှာ အများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရကြောင်း သုတေသီများက ပြောကြားသည်။

ယခုကဲ့သို့ အစားထိုးမရသော အမွေအနှစ်များစွာ ပျက်စီးယိုယွင်းပျောက်ဆုံးလျက်ရှိသည်မှာ သမိုင်းအမွေအနှစ် အထောက်အထားများစွာတိမ်ကော ပျောက်ကွယ်သွားမည့် အန္တရာယ်ကို ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း အင်္ဂလိပ်ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဌာန အထူးတာဝန်ခံက ပြောကြားသည်။ **(အင်တာနက်)**

ကလေးတစ်နှစ်သားအထိ နို့တိုက်သောမိခင်များ ရင်သားကင်ဆာဖြစ်ပွားမှုနည်းပါး

လန်ဒန် မတ် ၂၀

မိမိရင်သွေးကို တစ်နှစ်ခန့်ကြာသည်အထိ နို့တိုက်ကျွေးမွေးသည့် မိခင်များသည် ရင်သားကင်ဆာဖြစ်ပွားမှုနည်းပါးစေပြီး တစ်နှစ်အရွယ်အထိ မိခင်နို့သောက်သုံးခဲ့ရသည့် ကလေးငယ်များသည်လည်း အသက်အရွယ်ရလာသည့်အခါ ကင်ဆာဖြစ်ပွားမှုလျော့နည်းစေကြောင်း ကနေဒါဆေးသုတေသနပညာရှင်များက မတ် ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ကနေဒါနိုင်ငံ အွန်တာရီအိုအမျိုးသမီးရေးရာ သုတေသနသိပ္ပံမှ ငါးနှစ်ကြာ သုတေသနပြုချက်အရ ရင်သွေးငယ်အား တစ်နှစ်အထိနို့တိုက်ခဲ့သော မိခင်ဦးရေ ၆၀၀၀ အား လေ့လာခဲ့ရာ ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း လွန်စွာနည်းပါးကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

ထို့အတူ မိခင်များသည် ရင်သွေးငယ်အား နေ့စဉ်မပြတ် ခြောက်လအထိ နို့တိုက်ခဲ့ပါက ယင်းကာလအတွင်း သွေးတိုးရောဂါအပါအဝင် အခြားရောဂါများ ဖြစ်ပွားနိုင်မှုနည်းပါးကြောင်း၊ မိခင်များ၏ ကိုယ်အလေးချိန်ကိုလည်း ထိန်းထားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ (ဝဲပုံ)

တစ်ဖန် မိခင်နို့ကို တစ်နှစ်အရွယ်အထိ သောက်သုံးခဲ့ရသည့် ရင်သွေးငယ်များသည်လည်း ကင်ဆာရောဂါဖြစ်ပွားမှုအပြင် အခြားရောဂါများဖြစ်ပွားမှုကို လျော့နည်းစေကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံတွင် ဆီးနှင်းများအရည်ပျော် မိုးသည်းထန်စွာ ရွာသွန်း၊ ရေလွှမ်းမှုများဖြစ်ပေါ်

အော်မုကျိ မတ် ၂၀

တရုတ်နိုင်ငံ ရှင့်ကျန့်ယူဂါးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ အနောက်မြောက်ဘက် ဒေသများ၌ ဆီးနှင်းများ အရည်ပျော်လာသည့်အပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ခြေ ၅၀၀ ကျော် ရေကြီးရေလွှမ်းမှု ကြုံတွေ့ပြီး လူအများအပြားအားနေရာရွှေ့ပြောင်း ကယ်ဆယ်ပေးခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက မတ် ၂၀ ရက်တွင် ပြောကြားသည်။ (ယာပုံ)

ကာဇက်ခရိုင်အတွင်းရှိ ကျေးရွာသုံးရွာတွင် မတ် ၁၇ ရက်က ရေလွှမ်းမှု စတင်ဖြစ်ပွားစဉ်ကတည်းကပင် ရေမလွတ်နိုင်သည့် မြေနိမ့်ပိုင်းဒေသ နေထိုင်သူ ပြည်သူ ၃၃၅ ဦးအား ရွှေ့ပြောင်းနေရာချပေးခဲ့ရကြောင်း ပြည်နယ်ကွန်မြူနစ်ပါတီရုံးမှ တာဝန်ရှိသူများက ပြောကြားသည်။ မတ် ၁၉ ရက် ည ၇ နာရီမှစ၍ ပျက်စီးဆုံးရှုံးမှုကို သတင်းများကောက်ယူချိန်တွင် ခြံမွေး ကျွဲ၊ နွား တိရစ္ဆာန်ကောင်ရေ ၆၈၇ ကောင် သေဆုံးပြီး စိုက်ပျိုးမွေးမြူရေးခြံမြေ ဧရိယာ ၅၃၈ ဟက်တာပျက်စီးခဲ့ပြီဖြစ်ကြောင်း၊ ယခုအချိန်ထိ လူသေဆုံးမှုသတင်း မကြားသိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**



နာဆာဂြိုဟ်တုမှ ပေးပို့သော ဓာတ်ပုံများအရ ကမ္ဘာ့ဆီးနှင်းလွှာဖုံးလွှမ်းမှု လျော့နည်းလာကြောင်းတွေ့ရှိ

ပါဆာဒီနာ မတ် ၂၀

နာဆာမှ လွှတ်တင်ထားသောဂြိုဟ်တုမှတစ်ဆင့်ပေးပို့သည့် မြေပုံများအရ ကမ္ဘာ့ဆီးနှင်းထုများလျော့ပါးလာသည်ကို တွေ့ရပြီး ၂၀၁၂ ခုနှစ် ဆောင်းရာသီ၏နှင်းဖုံးလွှမ်းမှုအခြေအနေသည် သိပ္ပံပညာရှင်များ စဉ်းစားအဖြေထုတ်ရမည့် အဖြစ်သို့ ရောက်ရှိနေကြောင်း ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

လျော့ပါးနေ

နာဆာ၏ တာရာဂြိုဟ်တုတွင် တပ်ဆင်ထားသည့် ပုံရိပ်ဖမ်းအချက်အလက် စုဆောင်းရာကိရိယာမှ မတ် ၁၀ ရက်က ပေးပို့သည့်မြေပုံများအရ ကမ္ဘာ့ဆီးနှင်းထုလွှာဖုံးလွှမ်းရာ ဧရိယာနယ်မြေပိုင်းသည် ၂၀၁၁ ခုနှစ် မတ်လက ဓာတ်ပုံများနှင့် နှိုင်းယှဉ်ပါက ပိုမိုလျော့ပါးနေသည်ကိုတွေ့ရှိရသည်။ ယခင် နှင်းများဖုံးလွှမ်းလျက်ရှိခဲ့ရာ အမေရိကန်နိုင်ငံမှ တောင်ဒါကိုတာပြည်နယ်နှင့် မွန်တားနားပြည်နယ်များတွင် ဆီးနှင်းလွှာများပျောက်ကွယ်ခဲ့ရသည်ကို တွေ့ရကြောင်း၊ ဂရိတ်လိတ်ရေကန်ကြီးဝန်းကျင်၊ အွန်တာရီယိုတောင်ပိုင်းနှင့် အမေရိကန်အရှေ့ဘက်ကမ်းခြေများတွင်လည်း ယခင်နှစ်ကထက် နှင်းထုလျော့ပါးနေသည်ကို တွေ့ရကြောင်း နာဆာက ပြောကြားသည်။

ဖြစ်ပေါ်စေ

ပစိဖိတ်သမုဒ္ဒရာအတွင်း လာနီညာဖြစ်ပေါ်မှုကြောင့် အမေရိကန်ကုန်းတွင်းပိုင်းလေထုအတွင်း စိုစွတ်မှုနည်းပါးစေခြင်းနှင့် မြောက်ဝင်ရိုးစွန်းဒေသ လေထုအတွင်း ပိုမိုပူနွေးမှုဖြစ်ပေါ်စေခြင်းတို့ကြောင့် ကမ္ဘာ့ဆီးနှင်းများ ဖုံးလွှမ်းမှုကျဆင်းလာရခြင်းဖြစ်ကြောင်း နာဆာမှ ရာသီဥတုပညာရှင်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

နားရွက်မပါသောရှားပါးယုန်ငယ်လေးအား ပွဲထုတ်စဉ် ဓာတ်ပုံသမားတစ်ဦး မတော်တဆနင်းမိ၍သေဆုံး

ဘာလင် မတ် ၂၀

ကမ္ဘာပေါ်တွင် သွင်ပြင်ထူးခြား၍ ထင်ရှားလျက်ရှိသည့် မျက်လုံးကန့်လန့်ဖြတ်ရှိနေသော ဟင်ဒီဆိုသည့် သားပိုက်ကောင်၊ ပိုလာဝက်ဝံကြီးကနွတ်၊ ပေါလ်ဆိုသော ရေဘဝဲတို့လိုပင် အများစိတ်ဝင်စားသဘောကျလာမည့် မွေးကတည်းက နားရွက်များမပါသော ထူးခြားရှားပါးသည့် ယုန်ငယ်လေး တစ်ကောင်ကို အများသူငါသိရှိအောင် ပွဲထုတ်မည့် သတင်းစာရှင်းလင်းပွဲ၌ ဓာတ်ပုံသတင်းထောက်တစ်ဦး အခန့်မသင့် တက်နင်းမိရာမှ သေဆုံးခဲ့သည်။

ပေါက်ဖွားခဲ့

တဲလ်ဟု ချစ်စနိုးနာမည်မှည့်ထားသည့် နားရွက်မပါသော ယုန်ငယ်လေးသည် ဂျာမနီအရှေ့ပိုင်း ဆာဇွန်နီပြည်နယ် လမ်းဘတ်ချ်အိုဘာဖလိုဟာနာမြို့အတွင်း တိရစ္ဆာန်ရုံငယ်တစ်ရုံတွင် လွန်ခဲ့သည့် သုံးပတ်ခန့်က ပေါက်ဖွားခဲ့ခြင်းဖြစ်သည်။ နားရွက်မပါ ချစ်စဖွယ် ယုန်လေးဖြစ်သဖြင့် ကလေးသူငယ်များအား ချစ်ခင်သဘောကျစေခဲ့သည်။ **(အပေါ်ပုံ)**

ဝမ်းနည်းဖွယ်

ရှားပါးယုန်ငယ်လေးဖြစ်၍ အများသိရှိအောင် မီဒီယာများကို ဖိတ်ကြား၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် မမျှော်လင့်သော ဝမ်းနည်းဖွယ် အဖြစ်အပျက်ကို ကြုံတွေ့ခဲ့ခြင်းဖြစ်ကြောင်း၊ မတ် ၁၄ ရက်က ကျင်းပသည့် ယင်းပွဲ၌ ဓာတ်ပုံရိုက်ကူးကြစဉ် ဓာတ်ပုံသမားတစ်ဦး မတော်တဆ ခြေလှမ်းမှားကာ ယုန်ကို တက်နင်းမိပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တိရစ္ဆာန်ရုံ အုပ်ချုပ်ရေးဥက္ကဋ္ဌက ပြောကြားခဲ့သည်။

တက်နင်းမိသည့် နေရာမှာပင် အသံတစ်ချက်မထွက်ဘဲ ရုတ်ခြည်းသေဆုံးသွားခြင်းဖြစ်ကြောင်း၊ ပွဲတွင်ရှိနေသူများအားလုံး စိတ်မကောင်းဝမ်းနည်းကြကြောင်း၊ နင်းမိသူဓာတ်ပုံသမားမှာလည်း ကယောက်ကယက်ဖြစ်ကာ အတော်ပင် ဝမ်းနည်းနေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၂၀-၃-၂၀၁၂)

တင်မောင်လွင် — စုစည်းသည်

ထိုင်းတောင်ပိုင်း၌ နွေရာသီအချိန်၌ မုန်တိုင်းများတိုက်ခတ်

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း စူရင်ပြည်နယ်ရှိ ခရိုင်တစ်ခုတွင် နွေရာသီအချိန်အတွင်း မုန်တိုင်းများဝင်ရောက်တိုက်ခတ်မှုကြောင့် အဆိုပါဒေသတွင်း၌ အိမ်ပေါင်း ၈၇ အိမ်ပျက်စီးခဲ့ကြောင်း မတ် ၂၀ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါမုန်တိုင်းများသည် မတ် ၁၅ ရက် နံနက်ကတည်းက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ယင်းမုန်တိုင်းများကြောင့်လူပေါင်း ၃၄ ဦး ထိခိုက်ခဲ့ကြောင်း၊ အိမ်ပေါင်း ၈၇ အိမ်ပျက်စီးပြီး ခုနစ်အိမ်မှာ ဆိုးရွားစွာပျက်စီးခဲ့ကြောင်း၊ သို့သော်လည်း ထိခိုက်သေကျေပျက်စီးမှု သတင်းများထုတ်ပြန်မှုမရှိကြောင်း အဆိုပါခရိုင်ခေါင်းဆောင်၏ ပြောကြားချက်အရ သတင်းတွင်ထပ်မံဖော်ပြသည်။ မုန်တိုင်းကြောင့် ပျက်စီးမှုများ အချိန်တိုအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကူညီဆောင်ရွက်ရန် စီစဉ်ထားပြီး ၁၅ ရက်အတွင်း အကူအညီများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း စူရင်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ယူသာနာဖီရီယာကီတီက ပြောကြားခဲ့သည်။

အိန္ဒိယအရှေ့ပိုင်း၌ အီတလီနိုင်ငံသားနှစ်ဦး ပြန်ပေးဆွဲခံရ

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အိုဒီရှာပြည်နယ်တွင် လက်ဝဲဝါဒစွဲသမားဟုယူဆရသော နာဆယ်အကြမ်းဖက်သမားများက အီတလီကမ္ဘာလှည့်ခရီးသည် နှစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးသွားခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါ ကမ္ဘာလှည့်ခရီးသည် နှစ်ဦးသည် ယင်းပြည်နယ်အတွင်းရှိ ကင်ဟာမေဂန်ဂျန်နယ်စပ်အနီး တာလီဘန်အကြမ်းဖက်သမားများ၏နယ်မြေအနီး ခရီးသွားနေစဉ် ထိုသို့ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ ဘိုစူစကို ပါအိုလိုနှင့်ကလူဒီအို ကိုလန်ဂျီလိုအမည်ရှိ ၎င်းတို့နှစ်ဦးအား ကယ်ဆယ်ရန်အတွက် ဒေသဆိုင်ရာရဲတပ်ဖွဲ့က စစ်ဆင်ရေးများ အပြင်းအထန်ဆောင်ရွက်လျက်ရှိကြောင်း ဒေသအတွင်း ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။

ချီလီကောင်စစ်ဝန်သမီး ဗင်နီဇွဲလားရဲတပ်ဖွဲ့ဝင်တို့ မှားပစ်၍သေဆုံး

ဗင်နီဇွဲလားနိုင်ငံအနောက်ပိုင်း ဇရာကိုင်ရဲမြို့၌ ချီလီသံတမန်တစ်ဦး၏ ဆယ်ကျော်သက်သမီး သေနတ်ဖြင့် ပစ်သတ်ခံရပြီးနောက် ဗင်နီဇွဲလားရဲတပ်ဖွဲ့ဝင် လေးဦးကို ဖမ်းဆီးလိုက်ကြောင်း မတ် ၁၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ ချီလီသံတမန်တစ်ဦး၏ အသက် ၁၉ နှစ်ရှိ သမီးငယ်ကာရင်ဘရင်ဒစ် စီးနင်းလိုက်ပါသည့် မော်တော်ကားကို ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်သဖြင့် ကာရင်ဘရင်ဒစ် ထိမှန်သေဆုံးသွားခြင်းဖြစ်သည်။ သေဆုံးသူ၏ဖခင် ချီလီကောင်စစ်ဝန် ဖာနန်ဒိုဘရင်ဒစ်က သူ့သမီးကို သားဖြစ်သူက မွေးနေ့ပါတီသို့ ကားမောင်းပို့စဉ် ယင်းသို့ဖြစ်ရသည်ဟုဆိုသည်။ ရဲတပ်ဖွဲ့ဝင်များက ဓားပြမှုနှင့် ကားခိုးမှုကျူးလွန်သူများအား လိုက်လံရှာဖွေစဉ် မှားယွင်းတွေ့ရှိသော ကောင်စစ်ဝန်သားသမီးများ၏ မော်တော်ကားကို ရပ်ခိုင်းသော်လည်း မရပ်သဖြင့် သေနတ်ဖြင့်ပစ်ခတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဂျပန်နျူကလီးယားစက်ရုံတစ်ရုံမှ ရေဒီယိုသတ္တိကြွရေများယိုစိမ့်

ဂျပန်နိုင်ငံ အိုင်ဘရီကီစီရင်စုအတွင်း တိုကိုင်ကျေးရွာရှိ ဂျပန်အဏုမြူစွမ်းအင်ကုမ္ပဏီစက်ရုံတစ်ရုံတွင် ရေဒီယိုသတ္တိကြွရေများ ၁ ဒသမ ၅ တန်ခန့် ယိုစိမ့်မှုဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်နျူကလီးယားလုံခြုံရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က မတ် ၁၉ ရက်က ပြောကြားခဲ့သည်။ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ဂျပန်နျူကလီးယားနှင့် စက်မှုလုံခြုံရေးအဖွဲ့က အဆိုပါ ရေဒီယိုသတ္တိကြွရေများ ပင်လယ်အတွင်းသို့ ယိုစိမ့်ထွက်လာမှု ရှိမရှိ စစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ ရေတိုင်ကီတစ်ခုမှ အခြားရေတိုင်ကီတစ်ခုသို့ ရေများ ပြောင်းရွှေ့ထည့်ရာမှ ယိုစိမ့်မှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (အောက်ပုံ) ***(အင်တာနက်)***

ကျောဖုံးမှ

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး မီလေဆိုင်ရပ်စ် ချစ်သူနှင့် ရုပ်ရှင်ဇာတ်ကားရိုက်မည်

လော့စ်အိန်ဂျလိစ် မတ် ၂၀

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး မီလေဆိုင်ရပ်စ် (ဝဲပုံ) ဟာ သူ့ရဲ့ ယောကျ်ားလေးမိတ်ဆွေဖြစ်တဲ့ လီန်းဟမ်စဝဝတ်နဲ့အတူ ရုပ်ရှင်ကားသစ်တစ်ကားရိုက်ကူးတော့မှာဖြစ်ပါတယ်။ အဲဒီဇာတ်ကားကတော့ Not Afraid ဇာတ်ကားရဲ့ နောက်ဆက်တွဲ ဇာတ်ကားဖြစ်တဲ့ True Love ဇာတ်ကားပဲဖြစ်ပါတယ်။

အသက် ၂၀အရွယ်သာရှိသေးတဲ့ မီလေဆိုင်ရပ်စ်ဟာ The Love Song ဇာတ်ကားရိုက်ကူးစဉ်က အတူတွဲဖက်သရုပ်ဆောင်ခဲ့တဲ့ သြစတြေးလျ ရုပ်ရှင်မင်းသား လီန်းဟမ်စဝဝတ်နဲ့ ချစ်သူဘဝရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းက ရိုက်ကူးခဲ့တာမို့ ချစ်သူသက်တမ်းတစ်နှစ်မပြည့်သေးပါဘူး။

ရုပ်ရှင်မင်းသမီး မီလေဆိုင်ရပ်စ်ဟာ လက်ရှိအချိန်မှာ ပြင်သစ်ရုပ်ရှင်ကားဖြစ်တဲ့ Lol Lola ဇာတ်ကားမှာလည်း ပါဝင်သရုပ်ဆောင်ထားပြီး အမ်တီဗွီ တေးအယ်လ်ဘမ်တစ်ခုလည်း ထွက်ရှိဖို့ ကြိုးစားနေပါတယ်။ ရုပ်ရှင်နဲ့ ဂီတလုပ်ငန်းတွေကို တစ်ပြိုင်တည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့အတွက် သူမရဲ့ချစ်သူက အကူအညီအများကြီးပေးနေပါတယ်လို့ မီလေဆိုင်ရပ်စ်က ပြောပြနေပါတယ်။

၂၀၀၃ ခုနှစ်မှာ Big Fish ဇာတ်ကားနဲ့ ရုပ်ရှင်လောကထဲ စတင်ရောက်ရှိလာတဲ့ မီလေဆိုင်ရပ်စ်ဟာ အဲဒီဇာတ်ကားနဲ့ပဲ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိခဲ့သူဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က Hannah Montana အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးခဲ့တာလည်း အောင်မြင်မှုရရှိခဲ့ပြီး နာမည်ကျော်ခဲ့ပါတယ်။

ရုပ်ရှင်မင်းသမီး မီလေဆိုင်ရပ်စ်ဟာ အသက်အရွယ်ငယ်ပေမယ့် ကိုယ်တိုင်သီဆိုထားတဲ့ တေးအယ်လ်ဘမ်တွေကို ကိုယ်တိုင်ထုတ်လုပ်နေသလို ရုပ်ရှင်ကားထုတ်လုပ်သူအဖြစ်လည်း မကြာမီမှာ လုပ်ကိုင်မယ်လို့ ထုတ်ဖော်ပြောကြားနေပါတယ်။ **(အင်တာနက်)**

သရုပ်ဆောင် ဂျာဆေးရှိုး ရုပ်သံဇာတ်လမ်းတွဲများ ပြန်လည်ရိုက်ကူးတော့မည်

လော့စ်အိန်ဂျလိစ် မတ် ၂၀

အမေရိကန်ကမ္ဘာကျော် ရုပ်သံသရုပ်ဆောင် ဂျာဆေးရှိုးသည် ရုပ်သံဇာတ်လမ်းတွဲများ ပြန်လည်ရိုက်ကူးတော့မည်ဖြစ်ကြောင်း အမ်တီဗွီက ကြေညာသည်။ **(ယာပုံ)**

ဂျာဆေးရှိုးသည် ယခုနှစ်နွေရာသီမှစတင်ကာ နယူးဂျာစီပြည်နယ် ဆီးဆိုက်ဟိုက်၌ ရုပ်သံဇာတ်လမ်းတွဲများကို နာမည်ကြီး အမေရိကန်ရုပ်သံသရုပ်ဆောင်များနှင့်အတူ ပြန်လည် ရိုက်ကူးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲများတွင် သရုပ်ဆောင်ဂျာဆေးရှိုးသည် သူ၏ ခင်ပွန်းဖြစ်သူ ပိုလစ်ဇီနှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းတို့နှစ်ဦးသည် ပထမဆုံးကလေးကို မွေးဖွားရန် မျှော်လင့်ထားကြသည်။

ဂျာဆေးရှိုးသည် အမေရိကန်ရုပ်သံလောကတွင် လူသိများကျော်ကြားသည့် သရုပ်ဆောင်တစ်ဦးဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပရိသတ်များက ဂျာဆေးရှိုး၏ ရုပ်သံဇာတ်လမ်းတွဲများကို အမြဲမပြတ် စောင့်ကြည့်လျက်ရှိသည်။ ယခုနှစ်နွေရာသီတွင် ရိုက်ကူးမည့် ရုပ်သံဇာတ်လမ်းတွဲသည် သူမ၏ ခြောက်ခုမြောက် ရုပ်သံဇာတ်လမ်းတွဲ ဖြစ်သည်။ **(အင်တာနက်)**

ဥရောပ MTV ဂီတပွဲတော် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကျင်းပမည်

လန်ဒန် မတ် ၂၀

ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားခဲ့ရသည့် ဥရောပ MTV ဂီတပွဲတော်ကို လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ ဂီတချန်နယ်က ကြေညာသည်။

ရွေးချယ်ပေး

အဆိုပါ ဂီတပွဲတော်သည် ၂၀၀၁ ခုနှစ်ကစပြီး ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် နှစ်စဉ်ကျင်းပခဲ့သော ဂီတပွဲတော်ကြီးဖြစ်သည်။ အကောင်းဆုံး MTV ဆုများကို ကမ္ဘာတစ်ဝန်းမှ ဂီတချစ်သူများက ဆန္ဒပြု ရွေးချယ်ပေးကြမည်ဖြစ်သည်။

ဥရောပအကောင်းဆုံးဂီတဆုကို ဆွတ်ခူးရန် ရေပန်းစားနေသော အဆိုတော်များတွင် အဆိုတော် လေဒီဂါဂါ၊ အဆိုတော်ဂျပ်စတင်ဘီဘာ (ဝဲပုံ)၊ ကိုးပလေးတို့ လည်းပါဝင်ကြသည်။ **(အင်တာနက်)**

အော်စကာဆုရ အီရန်ရုပ်ရှင်ကား အာရှရုပ်ရှင်ဆုလေးဆု ထပ်မံဆွတ်ခူး

အီရန်နာမည်ကြီးရုပ်ရှင် မင်းသမီး လီလာဟာတာမီ

တီဟီရန် မတ် ၂၀

အော်စကာဆုပေးပွဲတွင် အကောင်းဆုံး နိုင်ငံခြားရုပ်ရှင်ဆု ဆွတ်ခူးခဲ့သော အီရန်ရုပ်ရှင်ကားတစ်ကားဖြစ်သည့် A Separation သည် အာရှရုပ်ရှင်ဆုပေးပွဲတွင် ဆုလေးဆု ထပ်မံဆွတ်ခူးရရှိသွားခဲ့သည်။

ဆွတ်ခူး

အဆိုပါ ရုပ်ရှင်ကားသည် ဟောင်ကောင်၌ကျင်းပသော အာရှရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံး ဇာတ်ညွှန်းဆုနှင့် အကောင်းဆုံး တည်းဖြတ်ဆုများ ဆွတ်ခူးသွားခဲ့သည်။

အကောင်းဆုံး ဒါရိုက်တာဆုကို အီရန်ဒါရိုက်တာ အက်ရှ်ဂါးဖာဟာဒီက ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဒါရိုက်တာ ဖာဟာဒီ ယင်းဆုပေးပွဲသို့ မတက်ရောက်နိုင်ခဲ့သော်လည်း ၎င်းကိုယ်စား အီရန်ထိပ်တန်းနာမည်ကြီး ရုပ်ရှင်မင်းသမီး လီလာဟာတာမီက တက်ရောက်ပြီး ဆုလက်ခံခဲ့ခြင်းဖြစ်သည်။

အဆိုပါရုပ်ရှင်ကားသည် ဘာလင်ရုပ်ရှင်ပွဲတော်တွင် ရွှေကမ္ဘာလုံးဆုနှင့် ရွှေဝက်ဝံဆုများကိုလည်း ဆွတ်ခူးခဲ့သည်။ **(အင်တာနက်)**

နံပါတ်တစ်ဂေါက်သီးကစားသမားနေရာ လူကေးဒိုနဲလ် ပြန်လည်ရယူ

ဖလော်ရီဒါ မတ် ၂၀

အင်္ဂလန်ဂေါက်သီးကစားသမား လူကေးဒိုနဲလ် **(ယာပုံ)** သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါ၌ ယှဉ်ပြိုင်ကစားခဲ့သော The Transitions Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီးနောက် ရိုရီမက်ရွိုင်း၏ ကမ္ဘာ့နံပါတ်တစ်ဂေါက်သီးကစားသမားနေရာကို ပြန်လည်ရယူလိုက်သည်။

လူကေးဒိုနဲလ်သည် လွန်ခဲ့သည့် မတ် ၁၈ ရက်က အဆိုပါဂေါက်သီးအားကစားပြိုင်ပွဲတွင် အမေရိကန်မှ ဂါရီဂတ်စ်၊ တောင်ကိုရီးယားမှ ဆမ်မွန်ဘေး၊ အမေရိကန်မှ ဂျင်ဖူရစ်တို့နှင့်အတူ ၁၃ ချက်စီလျှော့ရိုက်ခဲ့သဖြင့် ကျင်းပိုကစားခဲ့ရသည်။ ဒိုနဲလ်က ပထမကျင်းပိုတွင် ကျင်းဝင်အောင်အနိုင်ကစားပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ရိုရီမက်ရွိုင်းသည် ကမ္ဘာ့နံပါတ်တစ်နေရာကို နှစ်ပတ်ကြာအထိသာ ဆက်ထိန်းနိုင်ခဲ့သည်။ **(အင်တာနက်)**

အင်ဒီးယန်းဝဲလ်ဖလား ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် အဇာရင်ကာဆွတ်ခူး

ကယ်လီဖိုးနီးယား မတ် ၂၀

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဗစ်တိုးရီးယား အဇာရင်ကာသည် မတ် ၁၈ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ယှဉ်ပြိုင်ကစားသည့် အင်ဒီးယန်းဝဲလ် (Indian Wells) တင်းနစ်ပြိုင်ပွဲ၌ ရှာရာပိုဗာအား ၈၅ မိနစ်ကြာကစားပြီး ဖလားဆွတ်ခူးသွားခဲ့သည်။

ဖလားဆွတ်ခူးခဲ့

အဇာရင်ကာက ရှာရာပိုဗာအား ယင်းပြိုင်ပွဲ၌ ၆-၂၊ ၆-၃ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းတို့နှစ်ဦးသည် သြစတြေးလျအိုးပင်းဗိုလ်လုပွဲတွင်လည်း ဆုံခဲ့ကြသည်။ ထိုစဉ်က အဇာရင်ကာကပင် ရှာရာပိုဗာအားအနိုင်ရပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဆက်တိုက်အနိုင်ရထား

အသက် ၂၂ နှစ်ရှိ အဇာရင်ကာ **(ဝဲပုံ)** သည် ၂၀၁၂ ခုနှစ်အတွင်း ၂၃ ပွဲမြောက် ဆက်တိုက်အနိုင်ရထားသည်။ ယင်းတို့အနက် ရှာရာပိုဗာအား ဒုတိယမြောက်အနိုင်ရမှုလည်း ပါဝင်သည်။ ရှာရာပိုဗာသည် ယင်းပြိုင်ပွဲတွင် အမှားများခဲ့သဖြင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ **(အင်တာနက်)**

တိုက်စစ်မှူးကားလို့စ်တီဗက်ဇ် မန်စီးတီးတွင် ပုံမှန်ပြန်ကစားမည်

လန်ဒန် မတ် ၂၀

တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် လာမည့်ကြာသပတေးနေ့ မန်စီးတီးနှင့် ချယ်လ်ဆီးတို့ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပြန်လည်ကစားခွင့်ရမည်ဖြစ်သည်။ ၎င်းအား ပထမပွဲထွက်ကစားသမားအဖြစ် ပြန်လည်ကစားခွင့်ရပြီဖြစ်ကြောင်း နည်းပြမန်စီနီက ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး တီဗက်ဇ်သည် စက်တင်ဘာလကတည်းက မန်စီးတီးတွင် ကစားခွင့်မရခဲ့ပေ။ ၎င်းသည် အသင်းမှ ထွက်ခွာခွင့်မရဘဲ သုံးလကြာ အသင်းနှင့် ကင်းကွာခဲ့ရသည်။ တီဗက်ဇ်အား ပထမပွဲထွက် ကစားသမားအဖြစ် ပြန်လည် ပါဝင်ကစားခွင့်ရပြီလားဟု သတင်းထောက်များ၏ မေးမြန်းချက်ကို ဖြစ်နိုင်ကြောင်း နည်းပြမန်စီနီက ပြန်လည်ပြောကြားခဲ့သည်ဟုဆိုသည်။ တီဗက်ဇ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လူစားကစားရန် ငြင်းဆိုခဲ့မှုဖြင့် နည်းပြမန်စီနီနှင့် အဆင်မပြေဖြစ်ခဲ့ပြီးနောက် ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည်။ ၎င်းသည် ထိပ်တန်းဂိုးသွင်းသမားဖြစ်သည်။ **(အင်တာနက်)**

❒ *ကျောဖုံးမှ*

ဖက်ဒဲရားက ဗိုလ်လုပွဲတွင်လည်း အမေရိကန်လူငယ်တင်းနစ်ကစားသမား အစ္စနားအား ၇-၆ (၉-၇)၊ ၆-၃ ဖြင့် နိုင်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အမေရိကန်တင်းနစ်ကစားသမား အစ္စနားသည် အကြိုဗိုလ်လုပွဲတွင် ဒီဂျိုကိုဗစ်အား အနိုင်ရလိုက်သဖြင့် ကမ္ဘာ့ထိပ်တန်းတင်းနစ်ကစားသမား ၁၀ ဦးစာရင်းတွင် ပါဝင်လာသည်။ **(အင်တာနက်)**

တိုက်စစ်မှူး ဆွာရက်ဇ် လီဗာပူး၌ ဆက်ကစားမည်

လန်ဒန် မတ် ၂၀

လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်က ၎င်းအနေဖြင့် လီဗာပူးကလပ်၌ ဆက်လက်ကစားလိုကြောင်း ကလပ်ဝက်ဘ်ဆိုက်မှ ထုတ်ဖော်ပြောကြားလိုက်သည်။ **(အောက်ပုံ)**

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး ဆွာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူကစားသမား ပက်ထရစ်အီဗရာအား လူမျိုးရေးခွဲခြားဆက်ဆံပြောဆိုမှုကြောင့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကစားခြင်းမှ ရှစ်ပွဲအပိတ်ခံထားရသူဖြစ်သည်။

စိတ်ဝင်စား

သို့သော်လည်း ၎င်းအား ပဲရစ်စိန့်ဂျာမိန်းကလပ်က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

မိမိအနေဖြင့် လီဗာပူးအသင်းတွင် စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ ကစားသွားရန် ဆန္ဒရှိကြောင်း၊ လီဗာပူးမှ စွန့်ခွာလိမ့်မည်မဟုတ်ကြောင်း ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်က ဝက်ဘ်ဆိုက်တွင် ပြောကြားသည်။

ဆွာရက်ဇ်သည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက အေဂျက်စ်အသင်းမှ လီဗာပူးသို့ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ လီဗာပူးနှင့် ငါးနှစ်စာချုပ်ထားသည်။ လီဗာပူးအတွက် ၄၂ ပွဲ ကစားပေးခဲ့ရာတွင် ၁၅ ဂိုး သွင်းယူပေးထားသည်။ **(အင်တာနက်)**

အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးလုပ်ငန်းစီမံချက်ကို ဘာသာရပ်ဆိုင်ရာလုပ်ငန်း ကော်မတီ (၁၅)ရပ်ဖြင့်ဖွဲ့စည်း၍ အာဆီယံစီးပွားရေး အသိုက်အဝန်းအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံမှ ပြီးစီးအောင်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရမည့်ကိစ္စရပ်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၂၀၁၅ ခုနှစ် ဖြစ်ပေါ်လာချိန်တွင် မြန်မာစီးပွားရေးလုပ်ငန်းများအတွက် အဆင်သင့်ဖြစ်စေရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြပြီး ဆောင်ရွက်ရန်ကိစ္စရပ်များကို လအလိုက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ကြရန် သဘောတူဆုံးဖြတ်ကြသည်။

တက်ရောက်

အစည်းအဝေးသို့ ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဘာသာရပ်ဆိုင်ရာတာဝန်ခံများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံ ကျင်းပမည့်နေရာပြောင်းလဲ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံကို မတ် ၂၄ ရက် နံနက် ၉ နာရီတွင် မူလသတ်မှတ်ထားသည့် UMFCCI အစား သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမတွင် ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၁၀	တရားတော်
၇:၂၀	မျိုးချစ်တပ်မတော်
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	ဇာတ်လမ်းတို

ညပိုင်း

၄:၃၀	လျှပ်တစ်ပြက်
၄:၅၅	ရှေးဟောင်းသုတ
၅:၃၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မာယာနှုတ်ခမ်း(အပိုင်း -၁၅၃)
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ**(အပိုင်း-၆၃)
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	- နိုင်ငံရေးပါတီများဟောပြောချက်
	- ပြည်သူ့ဒီမိုကရေစီပါတီ
	- အမျိုးသားဒီမိုကရေစီပါတီသစ်
-	ဒို့တာဝန်အရေးသုံးပါး
-	နိုင်ငံတကာသတင်း
-	မိုးလေဝသသတင်း
-	(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
-	(၆၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း **သားကောင်းမိခင်**(ဇာတ်သိမ်းပိုင်း)
-	ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

လက်တွေ့သရုပ်ပြ

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း အထောက်အကူပြုအဖြစ် မူဆယ်မြို့ ပုဂ္ဂလိကငါးမွေးကန်တွင် သဘာဝနှန်းဖြင့် ရွှေဝါငါးကြင်းသားဖောက်ခြင်း သရုပ်ပြပွဲကို မတ် ၁၆ ရက်က ကျင်းပရာ မန္တလေးနတ်ရေကန်ငါးလုပ်ငန်း ခရိုင်တာဝန်ခံ ဒေါ်မိုးသူဇာအောင် လက်တွေ့သရုပ်ပြသားဖောက်နည်းပြသစဉ်။ (ငါးလုပ်ငန်း)

ဒါကြောင့်ပါ — ဘဝအမောပြေ

➤ အာကာဟိန်း-ရေးသားသည် ➤

အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးသည် ဆရာဝန်ထံ ရောက်ရှိလာကာ သူ့အခြေအနေကို ပြောပြလေသည်။

အမျိုးသမီး ။ ။ ဒေါက်တာ…ကျွန်မ တစ်ခုခုဖြစ်နေထင်တယ်။

ဆရာဝန် ။ ။ ဘာတွေများ ဖြစ်နေလို့လဲ။

အမျိုးသမီး ။ ။ မနက်က ကျွန်မအိမ်မှာ မှန်ယူပြီး သေသေချာချာကြည့်လိုက်တော့…

ဆရာဝန် ။ ။ အဲဒီတော့ ဘာဖြစ်လဲ။

အမျိုးသမီး ။ ။ ကျွန်မဆံပင်အနက်တွေကြားထဲက ဆံပင်ဖြူလေးတွေထွက်နေတာရယ်၊ မျက်နှာအရေပြားမှာ အရေးအကြောင်းတွေ ပေါ်နေတာရယ် တွေ့လိုက်ရတယ်။ ကျွန်မတစ်ခုခုဖြစ်နေပြီ ထင်တယ်။

ဆရာဝန် ။ ။ အဲဒါ. . . . ဝမ်းသာစရာကောင်းတဲ့ သတင်းပဲ။

အမျိုးသမီး ။ ။ ဘာဖြစ်လို့လဲ….

ဆရာဝန် ။ ။ ခင်ဗျားရဲ့ မျက်လုံးတွေ အမြင်အား အလွန်ကောင်းနေသေးတယ်ဆိုတာ ပြနေတာလေ။

အမျိုးသမီး ။ ။ "ရှင်"

မန္တလေးတွင် စစ်ကျန်ဗုံးသီးဟောင်း ပေါက်ကွဲမှုဖြစ်ပွားရာမှ သုံးဦးသေဆုံး

နေပြည်တော် မတ် ၂၀

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက်ရှိ နိုင်စိုးပိုင်-၂ သံရည်ကျိုအလုပ်ရုံ၌ မတ် ၁၉ ရက် နံနက် ၁၁ နာရီတွင် သံထည်အဟောင်းများရှင်းလင်းရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယင်းအလုပ်ရုံမှ အလုပ်သမားသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၉ ရက် နံနက် ၁၁ နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် (၆၈ လမ်းနှင့် ၆၉ လမ်းကြား) သခင်ဖိုးလှကြီးလမ်း အကွက်အမှတ် (နန ၂၃/ဘီ)ရှိ နိုင်စိုးပိုင်-၂ သံရည်ကျိုအလုပ်ရုံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး စက်ရုံအလုပ်သမား ကိုမိုး(ဘ) ဦးမင်းစိုးနှင့် စိုးမင်းသူ(ဘ) ဦးအောင်ငွေတို့နှစ်ဦးမှာ နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ ချစ်ကောင်း(ဘ) ဦးတင်နွယ်မှာ ခြေနှစ်ဖက်နှင့် ဦးခေါင်းတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ကုသခဲ့ရာမှ ဆေးရုံ၌သေဆုံးခဲ့ကြောင်း၊ အဆိုပါအလုပ်သမားသုံးဦးသည် သံထည်များဖျက်ရန်အတွက် ထုနှက်ရာမှ ယမ်းအနည်းငယ်ပါသည့် စစ်လက်ကျန် ဗုံးသီးဟောင်းငယ်တစ်ခုခုကို ထုရိုက်မိသဖြင့် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ဒေသအာဏာပိုင်များနှင့် လုံခြုံရေးတာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ ယမ်းပါ အမြောက်ကျည်ဆန်ဟောင်းနှစ်လုံး၊ ယမ်းမပါ အမြောက်ကျည်ဆန်ဟောင်းမျိုးစုံခြောက်လုံး၊ အမြီးဒလက်ပါ ယမ်းမပါ ဗုံးသီးဟောင်း မျိုးစုံသုံးလုံး၊ အမြီးတွင် ပို့ကျည်ဒလက်ပါ ဗုံးသီးဟောင်းတစ်လုံး၊ ယမ်းမပါဗုံးသီးဟောင်း မျိုးစုံခြောက်လုံး၊ လေယာဉ်ပေါ်မှပစ်ချရသော ဗုံးသီးထိပ်ဖူးဟောင်းတစ်ခုနှင့် ကျည်ထိပ်ဖူးဟောင်းနှစ်ခု စသည့် စစ်လက်ကျန်ပစ္စည်းဟောင်းများ၊ သေဆုံးသူများအနီးမှ ခြောက်ပေါင်တူတစ်လက်နှင့် သံထည်အဟောင်းများကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာက လိုအပ်သည့်လုံခြုံမှုဆိုင်ရာ အစီအမံများဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

နေပြည်တော် မတ် ၂၀

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ပင်မအလုပ်ရုံ၏ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါအလုပ်ရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးညွှန်ကြားချက်ကိုလည်းကောင်း၊ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက အရေးပေါ်မီးသတ်ပစ္စည်းကိရိယာများ ကျွမ်းကျင်လျင်မြန်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း **(အပေါ်ပုံ)** ရှင်းလင်းပြောကြားကြသည်။

သရုပ်ပြဆောင်ရွက်

ထို့နောက် ရုံးရှေ့မြေကွက်လပ်၌ ဆီမီးလောင်မှုကို ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများအသုံးပြုငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် လက်တွေ့ရေပက်ခြင်းလေ့ကျင့်မှုများကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(စိုးသန်း)**

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၂၀-၃-၂၀၁၂

လူသာသေ ထာဝစဉ်နာမည်မသေသည့်တို့ဗိုလ်ချုပ် စာအုပ်ထုတ်ဝေ

စာရေးဆရာ ဟိန်းဇေ၏ လူသာသေ ထာဝစဉ်နာမည်မသေသည့် တို့ဗိုလ်ချုပ်စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်ကို ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်အကြိုအမှတ်တရထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် ဗိုလ်ချုပ်၏တစ်ခုတည်းသောရည်မှန်းချက်၊ ငယ်ငယ်တုန်းက ဗိုလ်ချုပ်၊ ဗိုလ်ချုပ်၏ဘဝအစ ဘဝအလယ် ဘဝအဆုံး၊ လွတ်လပ်ရေးအတွက် အင်္ဂလန်သို့သွားသည့်ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ရေးသည့် ဗိုလ်မင်းရောင်အကြောင်း စသည့်အကြောင်းများကို ဓာတ်ပုံပေါင်း ၅၀ ကျော်နှင့်အတူ ဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို စိုးစာပေ ၅၅ (E) အနောက်မြင်းပြိုင်ကွင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၅၃၇၅၇ မှ ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

အသက် ၁၀၀ နေလိုပါသလား စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ကြည်လွင်မြင့်(မုဒြာ) ရေးသားထားသော အသက် ၁၀၀ နေလိုပါသလားစာအုပ်ကို အလင်းသစ်စာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

ကျန်းကျန်းမာမာနှင့် လူ့သက်တမ်းစေ့နေနိုင်စေရန်အတွက် ကျန်းမာရေးဆိုင်ရာ အသိဉာဏ်၊ ဗဟုသုတ၊ လက်တွေ့လိုက်နာရမည့် အလေ့အကျင့်များကို ဖော်ပြထားသည်။ အပူစာလား အအေးစာလား၊ ရေမချိုးခင် ရေတစ်ခွက်သောက်ပါ၊ ငါးလေးအိုးကပ် လေမဖြတ်၊ အဲယားကွန်းနှင့် အိပ်စက်လျှင်၊ ဆောင်းလေ၊ ဆိုင်ကယ်နှင့် ပါးတစ်ခြမ်းရွဲ့ရောဂါ၊ အသက်၁၀၀ နေလိုပါသလားနှင့် အာယုဗ္ဗေဒဆေးကျမ်းလာ အသက်ရှည်ဆေးနည်းများ အပါအဝင် လူ့ခန္ဓာကိုယ်မှအရေးကြီးသည့် ကောဋ္ဌာသများကို တလွဲသုံးမိ၍၊ သတိမထားမိ၍ ပျက်စီးရခြင်း၊ ရောဂါရခြင်းမှ ရှောင်လွှဲနိုင်စေရန် နေ့စဉ်လိုက်နာကျင့်ကြံရမည့်အချက်များ ပါဝင်သည်။

အလင်းသစ်စာပေ တိုက် ၆ အခန်း ၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈မှ တစ်အုပ်လျှင်တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။

ရာဇဝင်ထဲက ဖြစ်ရပ်ဆန်းများ စာအုပ်ထုတ်ဝေ



စာရေးဆရာ တင်နိုင်တိုးရေးသားထားသော ရာဇဝင်ထဲက ဖြစ်ရပ်ဆန်းများ စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာ့ရာဇဝင်သမိုင်းထဲမှ ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်များကို မြန်မာ့ရာဇဝင်ကျမ်းများမှ ရှာဖွေ၍ စိတ်ဝင်စားမှတ်သားဖွယ်ရာ ရေးသားထားခြင်းဖြစ်သည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့မှ လူဝင်စားတို့အကြောင်း၊ ပုဂ္ဂိုလ်တချို့၏ ထူးခြားသောဘဝနိဂုံး၊ ကုန်းဘောင်ခေတ် ထူးဆန်းအံ့သြဖွယ် ပုရပိုက်၊ ကုန်းဘောင်မင်းတို့၏ နိမိတ်ပုံရိပ်နှင့်အိပ်မက်များ၊ စွယ်စုံကျော်ထင်ကျမ်းလာနတ်ဒေဝါတို့အကြောင်း၊ ပြိတ္တာသျှတို့၏ နန်းသိမ်းယတြာ၊ အယူတော်မင်္ဂလာဦးနိုးနှင့် မှားယွင်းသောနိမိတ်ကောက်ကိန်းတချို့စသည်တို့အပြင် တခြားစိတ်ဝင်စားဖွယ်ရာအကြောင်းအရာများ ပါဝင်သည်။

အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉- ၅၄၀၀၃၀၂၊၀၉-၈၇၀၃၈၄၈မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

လွယ်အောင်ပြောမယ်စာအုပ် ထုတ်ဝေဖြန့်ချိ



အရှင်ဝိမလ(ရေကြည်) ရေးသားသည့် လွယ်အောင်ပြောမယ်စာအုပ် အင်္ဂလိပ်- မြန်မာနှစ်ဘာသာဖြင့် ထွက်ရှိလာသည်။

ထိုင်းနိုင်ငံ တောရဆရာတော်ကြီး Ajahn Chah က In Simple Terms ၏ စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး အဆိုပါစာအုပ်တွင် တရားသဘောများကို ဆူး၊ ဝဲနာ၊ လောက်၊ ရေနဲ့ဆီ၊ ဓား၊ လှေ၊ မြွေမြီးတို့ကို သာဓကပြု၍ လူ့ပတ်ဝန်းကျင်ရှိ အရာဝတ္ထုနှင့် အကြောင်းအရာအမျိုးမျိုးကို ဥပမာပြရေးသားထားသည်။

အဆိုပါစာအုပ်ကို ရန်အောင်စာပေ အထက(၁) ရန်ကင်းကျောင်းရှေ့ ၁၂ လုံးတန်း မှတ်တိုင်အနီး ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၃၂၄၃၀၅၁၂ မှ ငွေကျပ် ၁၂၀၀ နှုန်းဖြင့် ဖြန့်ချိထားသည်။

ကိုလင်း-စုစည်းသည်

စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၄/၂၀၁၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း သင်တန်းဖွင့်

နေပြည်တော် မတ် ၂၀

စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းသင်တန်း (အရာရှိအဆင့်) အမှတ်စဉ်(၄/၂၀၁၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမျိုးသားစီမံကိန်းများကို ဒေသန္တရစီမံကိန်းများနှင့် ကဏ္ဍစီမံကိန်းများ ပေါင်းစပ်ရေးဆွဲခြင်းဖြစ်ကြောင်း၊ ဒေသအသီးသီးတွင် ဒေသအာဏာပိုင်၊ မြို့မိမြို့ဖ၊ ပြည်သူလူထု၊ ဌာနဆိုင်ရာအားလုံး ဝိုင်းဝန်းပူးပေါင်းကာ အောက်ခြေမှစ၍ စာရင်းဇယားများ ကောက်ယူရေးဆွဲမည်ဖြစ်ကြောင်း၊ လူမှုစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လူ့စွမ်းအား ဖွံ့ဖြိုးမှုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်း၊ မြို့နယ်စီမံကိန်း၊ ကျေးရွာစီမံကိန်း ရေးဆွဲခြင်း အပါအဝင် အမျိုးသားစီမံကိန်းကို ရေးဆွဲမည် ဖြစ်ကြောင်း၊ စီမံကိန်းများကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အလိုက်အဖွဲ့များ ဖွဲ့စည်းရေးဆွဲမည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်မှု၊ အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုကို အကဲဖြတ်နေရမည် ဖြစ်ကြောင်းပြောကြားပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် သိရှိရန်လိုအပ်သည်များကို ဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ မြို့နယ်စီမံကိန်းဦးစီးမှူး ၂၁၁ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Industrial and Commercial Bank of China မှ Chief Representative, Mr.Jiang Yun နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား နိုင်ငံခြားဧည့်သည်အဖွဲ့ များ သီးခြားစီတွေ့ ဆုံ

နေပြည်တော် မတ် ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးသန်းညိန်းအား Industrial and Commercial Bank of China မှ Chief Representative, Mr.Jiang Yun နှင့်အဖွဲ့သည် မတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Industrial and Commercial Bank of China အနေဖြင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် အစီအစဉ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ဗီယက်နမ်နိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H. E. Dr. Valery Sadokho နှင့် အဖွဲ့သည် ညနေပိုင်းတွင် လာရောက်တွေ့ဆုံပြီး ဘယ်လာရုစ်နိုင်ငံမှဘဏ်များအနေဖြင့် မြန်မာနိုင်ငံ၌ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ရန်၊ မြန်မာနိုင်ငံဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြွက်ငှက်တုပ်ကွေးရောဂါ ဘယ်လိုထိန်းချုပ်ကြမလဲ

မောင်အောင် (မွေး/ကု)

'အေး မောင်အောင် လာကွာ၊ ငါ့တူကြီးပျောက်ချက်သား ကောင်းနေကတည်းက ကြွက်ငှက်တုပ်ကွေးရောဂါဖြစ်နေသလားလို့ ထင်နေတာ။ အခုချောင်းဦးမှာ ကြွက်ငှက်တုပ်ကွေးရောဂါဖြစ်တယ်ဆို ဟုတ်သလား။ ကြွက်တွေရော အတော်သေကြသလား'

အမေ့ရွာသို့ မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီး၏ မေးခွန်းများက ဆက်တိုက်မေးလာသည်။ ဦးကြီးက ရေဒီယိုနားထောင်၊ ရုပ်မြင်သံကြားကြည့်သဖြင့် ဗဟုသုတရှိသည်။ သတင်းစုံသည်။ လက်ရှိထုတ်ဝေလျက်ရှိသည့် စာစောင်တချို့ကိုလည်း ဖတ်သူဖြစ်သဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းတွေကို သိနေသည်။

'ဦးကြီးကလည်း ကျွန်တော်မလာတိုင်း ကြွက်ငှက်တုပ်ကွေးဖြစ်တယ်မထင်ပါနဲ့။ အခုပျောက်ချက်သားကောင်းနေတာက ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နွားနောက်မွေးမြူရေးတွေသွားပြီး ကြည့်နေလို့ပါ။ ချောင်းဦးမှာ ကြွက်ငှက်တုပ်ကွေးဖြစ်တာ ဟုတ်ပါတယ်။ ကြွက်သေတာလည်း နည်းနည်းပါးပါးတော့ရှိပါတယ်။ အခု ကျွန်တော်တို့ ကောင်းကောင်းထိန်းချုပ်နိုင်ပါပြီ။'

'အေး ပြောစမ်းပါဦးကွ။ ဘယ်လိုက ဘယ်လိုစပြီးဖြစ်တာလဲ၊ ဘယ်လိုကူးစက်သွားတာလဲ။ မင်းတို့ဌာနက ဘာတွေဘယ်လောက်လုပ်လို့ အခုလိုချက်ချင်း ထိန်းချုပ်နိုင်ရတာလဲ'

ဦးကြီး၏ မေးခွန်းများက မေးထိုက်သည့်မေးခွန်းများပင်။ သည်မေးခွန်းများကို ကျွန်တော်ကလည်း ဖြေချင်လှပါသည်။

'စပြီးဖြစ်တာကတော့ ဆောင်းခိုငှက်လို့ပဲပြောရမယ် ဦးကြီးရေ။ အဲဒီချောင်းဦးမြို့နယ်ထဲမှာ ပေါက်အင်းဆိုတဲ့ အင်းတစ်ခုရှိတယ်။ ဧက ၂၁၀၀ လောက်ကျယ်တယ်။ အဲဒီအင်းနှင့် မန်ကျီးဂွရွာက တစ်မိုင်ခွဲလောက်ဝေးတယ်။ အရင်နှစ်တွေတုန်းကတော့ ဆောင်းတွင်းရောက်ရင် ဆောင်းခိုငှက်တွေ၊ ငှက်ရိုင်းတွေ ထောင်ချီပြီးလာတယ်။ ဒီနှစ်တော့ အရင်နှစ်နဲ့စာရင် ငှက်ရိုင်းလာတာတော့ လျော့သွားတယ်။ အဲ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကစပြီး အိမ်မွေးတိုင်းရင်းကြက်တွေ ကြိုးကြား ကြိုးကြား သေတယ်။ အဲဒီသေတဲ့ တိုင်းရင်းကြက်ကို ရွာကနေ ချောင်းဦးမြို့ကို သွားပြီးရောင်းတယ်။ အဲဒီရောင်းတဲ့ ကြက်သေသားကို ဝယ်ပြီးစားတဲ့ခြံက အခုလိုရောဂါဖြစ်တာပဲ။ ကျွန်တော်တို့ ရောဂါပျံ့နှံ့မှု လေ့လာရေးအမြင်အရတော့ ငှက်ရိုင်းတွေကတစ်ဆင့် လွတ်ကျောင်းမွေးမြူတဲ့ တိုင်းရင်းကြက်တွေကို ရောဂါကူးစက်၊ အဲဒီကူးစက်ခံရတဲ့ ကြက်ကနေတစ်ဆင့် မွေးမြူရေးကြက်ကို ကူးတာပဲ ဦးကြီးရဲ့'

'မင်းဟာက ဒီအတိုင်းဆိုရင် အိမ်မှာကြက်မွေးတဲ့လူက အပြင်က ကြက်ဝယ်ပြီး မစားသင့်ဘူးဆိုတဲ့ သဘောလား'

'ဝယ်မစားသင့်တဲ့သဘောမကဘူး ဦးကြီးရေ။ လုံးဝကို မစားသင့်တာ။ အိမ်မှာ ကြက်မွေးရင် ကြက်သားမစားသင့်ဘူး။ ဝက်မွေးရင် ဝက်သားမစားသင့်ဘူး။'

'ဟာ. . . ဒါတော့ မဟုတ်သေးပါဘူးကွာ။ စားချင်လို့မွေးထားတာပါဆို။ မစားရတော့ဘာဖြစ်လို့မွေးတော့မှာလဲ။ ဘာကြောင့်လဲ ပြောစမ်းပါဦး' ဦးကြီး၏ စိတ်မရှည်သံက ဒေါသသံပင် ပါချင်လာသည်။

'ဒီလိုပါ ဦးကြီးရဲ့၊ အိမ်မှာကြက်မွေးထားပြီး အပြင်ကကြက်ဝယ်စားတော့ အခုနပြောသလို ရောဂါဖြစ်နေတဲ့ ကြက်ဝယ်စားပြန်ရင် ကိုယ့်ကြက်တွေရောဂါကူးမယ်။ ပိုပြီးဆိုးတာက ကြက်ကိုအမွေးနှုတ်၊ ခုတ်ထစ်ပြီးရင် မလိုတဲ့အပိုင်းအစတွေ၊ အူတွေ ဟိုပစ်ဒီပစ် ပစ်မယ်။ အဲဒီကနေ ရောဂါကူးစက်ပြန့်ပွားတာ၊ နောက်ပြီး ကြက်ကိုင်တဲ့လက်မှာ ကွဲရာ၊ ရှရာ၊ အနာရှိနေရင် အဲဒီကနေရောဂါပိုးဝင်မယ်။ အဲဒါကြောင့် ကိုယ့်အိမ်မှာ ကြက်မွေးထားရင်၊ ကြက်ဝယ်ပြီးမစားနဲ့၊ မဖြစ်လို့စားချင်ရင်လည်း ကိုယ့်အိမ်က ကြက်ကိုပဲချက်ပြီးစား။ ပြီးတော့ ကြက်ခုတ်တဲ့၊ ထစ်တဲ့အချိန်မှာလည်း လက်မှာဒဏ်ရာမရှိတာ အကောင်းဆုံး၊ ပြီးတော့လက်ကိုစင်အောင်ဆေး၊ ဒါ့အပြင် ခုတ်ထစ်ပြီး ထွက်လာတဲ့အမွေးတွေ၊ အညစ်အကြေးတွေကိုလည်း စနစ်တကျစွန့်ပစ်၊ ကျင်းတူးပြီးမြှုပ်၊ အဲဒါမှ ရောဂါမဖြစ်မှာ၊ ရောဂါကင်းမှာ။'

ကျွန်တော် ဦးကြီးသဘောပေါက်အောင် အရှည်ကြီးရှင်းပြလိုက်ရသဖြင့် ရေနွေးကြမ်းခွက်ကို မော့သောက်လိုက်မိသည်။

'အေး ဟုတ်ပါပြီ။ အဲ ဒါပေမယ့် မင်း ငါမေးထားတဲ့ ရောဂါကူးစက်မြန်တာ ဘာကြောင့်နဲ့၊ ဘာကြောင့် မြန်မြန်ထိန်းချုပ်နိုင်တာ မပြောရသေးဘူးနော်။'

'ပြောရမှာပေါ့ ဦးကြီးရယ်။ ရောဂါကူးစက်မြန်တာကတော့ စောစောက ကျွန်တော်ပြောသလို တိုင်းရင်းကြက်တွေ နည်းနည်းပါးပါးသေတယ်။ အဲဒီသေတဲ့ကြက်ကို ထုတ်ပြီးရောင်းတယ်။ အဲဒီကနေ ရောဂါပျံ့တာ။ ကူးစက်တာ။ နောက်တစ်ခုက မွေးမြူရေးခြံတွေက အဲဒီသေတဲ့ ကြက်သားကိုဝယ်စားတယ်။ အဲဒီကနေကူးတယ်။ ပြီးတော့ ကြက်ချက်စားတဲ့လူတွေက ကြက်ကို ခုတ်၊ ထစ်ပြီး အပိုင်းအစတွေ ပစ်စလက်ခတ်ပစ်တယ်။ အဲဒီကနေ ရောဂါပျံ့တယ်။ ကျွန်တော်တို့ရောဂါပျံ့နှံ့မှုလေ့လာရေးအဖွဲ့က စုံထောက်လိုပဲ။ အဲဒီလို ရောဂါပျံ့နှံ့နိုင်တဲ့အကြောင်းအချက်တွေကို တစ်ခုချင်းလေ့လာပြီး သုံးသပ်ရတာ။ ချောင်းဦးမြို့နယ် ခင်မွန်ရွာမှာဆိုရင် အိမ်မှာမွေးထားတဲ့ခွေးကိုက်ပြီးချီလာတဲ့ကြက်ကို ချက်စားရာကစပြီး အိမ်ကကြက်တွေ သေကုန်တယ်လို့ ပြောတယ်။ အဲဒါတွေ ကျွန်တော်တို့ မွေးမြူရေးသမားတွေ လိုက်နာရမှာ။'

'ဘာကြောင့် ဒီလောက်မြန်မြန်ထိန်းချုပ်နိုင်သလဲလို့ စောစောကဦးကြီးမေးထားတယ်နော်။ အဲဒါနဲ့ ပတ်သက်ပြီးလည်း ကြက်တွေစပြီးသေတယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို သတင်းပို့ကတည်းက ကျွန်တော်တို့အဖွဲ့တွေ ချက်ချင်းကွင်းဆင်းကြည့်တယ်။ အမြန်စမ်းသပ်တဲ့ကိရိယာနဲ့ စမ်းတယ်။ တစ်ဖက်ကလည်း တိုင်းဒေသကြီးအစိုးရဆီ သတင်းပို့တယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ကိုယ်တိုင်ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကို ကြီးကြပ်တယ်။ ကြပ်မတ်တယ်။ ခရိုင်နဲ့တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးတွေ ကိုယ်တိုင်လည်း ချောင်းဦးမှာ ညအိပ်ပြီး အပင်ပန်းခံဆောင်ရွက်တယ်။ ရုံးချုပ်ကလည်း ပိုးသတ်ဆေးတွေ၊ အကာအကွယ်ဝတ်စုံတွေနဲ့အတူ ရောဂါရှာဖွေရေးအဖွဲ့တွေ ပို့လာတယ်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် ဒီကိစ္စကိုဆင်းပြီး ကြပ်မတ်ဆောင်ရွက်တယ်။ ညှိနှိုင်းပေးတယ်။'

'တစ်ဖက်က ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ ကျန်းမာရေးဦးစီးဌာန၊ စီမံကိန်း၊ စည်ပင်သာယာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းတွေအားလုံး ပူးပေါင်းဆောင်ရွက်ကြတယ်။ ဒီအဖွဲ့တွေအားလုံး စုပေါင်းပြီး ကြက်ခြံတွေမှာ ပိုးသတ်ဆေးဖျန်းတယ်။ ဇီဝလုံခြုံမှု မြှင့်တင်တယ်။ ကြက်၊ ကြက်ဥ၊ ကြက်သားသယ်ဆောင်မှုတွေကို ကန့်သတ်တယ်။ မြို့ရွာတွေမှာ ဝင်ထွက်တဲ့ ကား၊ ဆိုင်ကယ်နဲ့ ထော်လာဂျီတွေကို ပိုးသတ်ဆေးဖျန်းတယ်။ စဖြစ်တဲ့ရက်ကနေ တစ်ပတ်အတွင်း မော်တော်ယာဉ် အစီး ၁၇၄၀ ၊ မော်တော်ဆိုင်ကယ် ၃၆၄၈ စီးနှင့် ထော်လာဂျီ ၁၈၈ စီးကို ခြံသုံးပိုးသတ်ဆေးဖျန်းတယ်။ ဇီဝလုံခြုံမှုဆိုင်ရာ လက်ကမ်းစာစောင်တွေဖြန့်တယ်။ ပြည်သူလူထု ပညာပေးဟောပြောပွဲတွေလုပ်တယ်။ အဲဒါမှာတင် **ချောင်းမလားလို့ ဝင်လာတဲ့ ကြက်ငှက်တုပ်ကွေးရောဂါ တစ်ခါတည်းကို ထွက်ပြေးတော့တာပဲ။** အဲဒီနောက်ပိုင်း ချောင်းဦးနယ်မြေမှာ ထပ်ပြီး ဖြစ်တာမရှိတော့ဘူး။ အဲဒါကြောင့် ထိန်းချုပ်နိုင်ပြီလို့ ကျွန်တော်ပြောတာ။'

'ငါ့တူကတော့ အပြောကောင်းကွာ။ အဲဒါနဲ့ အခုလို ဒို့နိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တာ မင်းတို့အိမ်နီးချင်းနိုင်ငံတွေရော အသိပေးသလား။'

'ပေးရတာပေါ့ ဘကြီးရယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ထိမ်ချန်ထားတာ၊ လျှို့ဝှက်ထားတာ ဘာမှမရှိဘူး။ ရောဂါပိုးတွေ့ရှိ အတည်ပြုပြီးတဲ့ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ကတည်းက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)နဲ့ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို သတင်းပို့ပြီး အိမ်နီးချင်းနိုင်ငံတွေကို အကြောင်းကြားခဲ့တာ။'

'အေး ဖြစ်ပြီးတာတော့ ထားလိုက်ပေါ့ကွာ။ ကြက်ငှက်တုပ်ကွေးရောဂါ နောက်ထပ်ပြီး မဖြစ်ရအောင်ရယ်၊ ဖြစ်လာရင် ဘယ်လိုထိန်းချုပ်ကြမလဲဆိုတာကတော့ အရေးကြီးတယ်။ အားလုံးသိအောင် လုပ်ထားဖို့လည်းလိုတယ်။ အခု ချောင်းဦးမှာ ကြက်ငှက်တုပ်ကွေးကြောင့် သေတာ၊ ဖျက်ဆီးတာ ဘယ်လောက်လောက်ရှိသလဲ။'

'သေတာနဲ့ဖျက်ဆီးတာ မွေးမြူရေးကြက်က ၁၀၆၀ လောက်ရှိတယ်။ တိုင်းရင်းကြက်က ၂၈၅ ကောင်နဲ့ ဘဲခြောက်ကောင်ရှိတယ်။ ရောဂါထပ်မဖြစ်အောင်ကတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ ကြက်သေသားဝယ်မစားဖို့၊ ကြက်သေတွေ့ရင် လွှတ်ပစ်တာမျိုးမလုပ်ဘဲ ကျွန်တော်တို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ပို့ပြီး ရောဂါရှာဖို့၊ မပို့ချင်ရင် မြေမြှုပ်ပစ်ဖို့။ ဒါ့အပြင် အဓိကအရေးအကြီးဆုံးက ဇီဝလုံခြုံမှုဂရုစိုက်ဖို့၊ နောက်တစ်ခါ အရွယ်မတူတဲ့ကြက်တွေရောပြီး မမွေးဖို့၊ အခုဖြစ်သွားတဲ့ကြက်ခြံက အရွယ်သုံးမျိုးလောက်ရောပြီး မွေးတယ်။ အားလုံးတစ်ပြိုင်နက်တည်းမွေး၊ တစ်ခါတည်းထုတ်ရောင်းတာမျိုးမလုပ်တော့ အဲဒီကနေ ရောဂါစပြီးဖြစ်တတ်တာ။ နောက်တစ်ခါ ကြက်ခြံကို ငှက်ရိုင်းတွေ၊ စာကလေးတွေ၊ ကျီးကန်းတွေ မလာဖို့၊ လူစိမ်းအဝင်အထွက်မလုပ်ဖို့၊ အစာအိတ်တွေ အစာဆိုင်ကိုပြန်ပို့ပြီး အိတ်ဟောင်းပြန်ပြီးသုံးတာမျိုးမလုပ်ဖို့၊ ပိုးသတ်ဆေးပုံမှန်ဖျန်းဖို့၊ ဇီဝလုံခြုံမှုမြှင့်တင်ဖို့ ဒါတွေက ကျွန်တော်တို့မွေးမြူရေးသမားတွေ အားလုံးသိပြီးသားပါ။ မဖြစ်တာကြာတော့ ပေ့ါသွားကြတယ်။ အဲဒါကြောင့် ဖြစ်တာလို့ပဲ ကျွန်တော်တော့ထင်တယ်။'

နောက်တစ်ခုက ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ရင် ကျွန်တော်တို့ မွေးမြူရေးသမားတွေ လုံခြုံရေးကင်း၊ မီးကင်းစောင့်သလိုမျိုး အမြဲသတိရှိနေဖို့ လိုတယ်။ အမြဲတမ်းရောဂါကို စူးစမ်းနေမယ်၊ မသင်္ကာရင် ချက်ချင်းသတင်းပို့မယ်။ ကျွန်တော်တို့ဌာနဘက်ကလည်း ချက်ချင်းအရေးယူဆောင်ရွက်မယ်။ သက်ဆိုင်ရာ ဒေသအာဏာပိုင်၊ ဌာနအဖွဲ့အစည်းနဲ့ မွေးမြူရေးသမားတွေစုပေါင်းပြီး ချက်ချင်း ဆောင်ရွက်ကြမယ်ဆိုရင် အခုလို ချက်ချင်းထိန်းချုပ်နိုင်မှာပါ။ တောမီးလိုပေါ့ဦးကြီးရယ်။ စပြီးလောင်ခါစမှာ နည်းနည်းလေးဆိုပြီး ပေ့ါနေရင် လေတစ်ချက်ပင့်လိုက်ရင် အားလုံးပြာကျသွားမှာပဲ။ စောစောငြှိမ်းနိုင်ရင် မီးညွှန့်စောစောကျိုးမှာပဲ။ အဲဒါကြောင့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရာမှာ အမြဲမပြတ်စောင့်ကြပ်လေ့လာမြန်မြန်စူးစမ်း၊ ရောဂါအမြန်အတည်ပြု၊ မြန်မြန်အရေးယူ၊ မြန်မြန်ထိန်းချုပ်နိုင်အောင်လုပ်။ အဲဒါဆိုရင် ရောဂါအမြန်ထိန်းချုပ်နိုင်မှာပဲ။

ရောဂါဖြစ်နေတဲ့အချိန်မှာလည်း ကြက်နာ"ကင်း"ဖွဲ့ထားဖို့လိုတယ်။ တချို့ ရောဂါဖြစ်တဲ့ခြံတွေက ပိုက်ဆံလေးနည်းနည်းပါးပါးပြန်ရအောင်ဆိုပြီး ကြက်တွေ ကုပ်နေရင်၊ မှိုင်နေရင် ဌာနကိုသတင်းမပို့ဘဲ အမြန်ထုတ်ရောင်းချင်ကြတယ်။ အဲဒီလို လုပ်လို့ကတော့ ရောဂါကိုဖြန့်ပေးလိုက်သလိုဖြစ်တာပေ့ါ။ အဲဒါကြောင့် ကျွန်တော်တို့ ဌာနနဲ့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေနဲ့ မွေးမြူရေးသမားတွေပါတဲ့ အဲဒီကြက်နာ "ကင်း" အဖွဲ့က ရောဂါဖြစ်တဲ့ခြံကို ထိန်းဖို့လိုတယ်။ စောင့်ကြပ်ကြည့်ရှုဖို့လိုတယ်။ လုံးဝထုတ်မရောင်းဘူး၊ သယ်မသွားဘူးဆိုရင် ရောဂါမပျံ့တော့ဘူး။ ရောဂါမပျံ့တော့ရင် ထိန်းချုပ်လို့ လွယ်တာပေ့ါ။

"မင်းတို့အိမ်မဲမှာ ဝက်နားရွက်ပြာဖြစ်တုန်းက ဝက်နာ"ကင်း"နဲ့ပဲ ရောဂါ မပျံ့အောင် ထိန်းချုပ်ခဲ့တာမဟုတ်လား"

"ဦးကြီးကတော့ တော်မှတော်ဗျာ၊ မှတ်ဉာဏ်အလွန်ကောင်း၊ ကျွန်တော့် ဦးကြီး ရယ်လို့ မပြောရဘူး"

ကျွန်တော့်စကားကြောင့် ဦးကြီးအပါအဝင် ကျွန်တော်တို့စကားဝိုင်းကို နားထောင်နေကြသူများ 'အုံး'ခနဲ ရယ်ပွဲဖွဲ့မိကြပါသည်။

မည်သို့ဆိုစေ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားရေးနဲ့ ဖြစ်ပွားလာပါကလည်း မပြန့်ပွားရေး ကျွန်တော်တို့တစ်တွေ စုပေါင်းထိန်းချုပ်ကြရပါဦးမည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၂၀

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ဖောင်ကြီးတိုက်နယ် ဥယျာဉ်ဝကျေးရွာ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဖောင်ကြီးအရှေ့စုံပြကျေးရွာ မူလတန်းကျောင်း ကျောင်းဆောင် ပြုပြင်နေမှုနှင့် ကျောင်းဆောင်တိုးချဲ့တည်ဆောက် နေမှုတို့ကိုလည်းကောင်း၊ ဖောင်ကြီးတိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းအသစ် တည်ဆောက်နေမှုနှင့် လူနာများအား စောင့်ရှောက်ကုသပေးနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ပြည်ထောင်စုဝန်ကြီးသည် ဟိုင်းကူးကျေးရွာ ရွာဦးကျောင်း ဆရာတော်နှင့် မင်းကျောင်းကုန်းကျေးရွာ တပ်ဦးမင်းကုန်းကျောင်းတိုက် ဆရာတော်တို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနကြီးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများနှင့် ခရိုင်ဘဏ္ဍာရေးတာဝန်ခံများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများ၊ ပင်မဓာတ်အားခွဲရုံမှူးများနှင့် တွေ့ဆုံ၍ Unit Losses ကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှု ပပျောက်ရေး၊ ဘဏ္ဍာငွေတိုးတက်ရရှိရေးနှင့် လာဘ်ပေး လာဘ်ယူကိစ္စရပ်များ မရှိစေရေးတို့ကို မှာကြားပြီး ဓာတ်အားစနစ်အတွင်းဓာတ်အားရရှိမှု ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဓာတ်အားခွဲဝေသုံးစွဲမှုတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ် (၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(အမှတ်-၂ လျှပ်စစ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် လမ်း/တံတား လုပ်ငန်းများစစ်ဆေး

နေပြည်တော် မတ် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် ပြည်-ဥသျှစ်ပင်လမ်း၊ ဥသျှစ်ပင်-ဘက်ရဲ-ရေနံ့သာ-ငါးသိုင်းချောင်း-ရေကြည်-သုံးခွ-ကံကလေး(ပုသိမ်-မုံရွာလမ်းအပိုင်း-၁)နှင့် ရေထုတ်မြောင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မကြာမီဖွင့်လှစ်မည့် ပုသိမ်-ငပုတောလမ်းပေါ်ရှိ ပေပင်မြစ်ကူးတံတား **(အောက်ပုံ)**နှင့် ပုသိမ်-ငပုတောလမ်းကတ္တရာခင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သက်ကယ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းကိုလည်း ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်ထို၊ ဘီးလင်းနှင့် သထုံတို့၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၂၀

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့ မှဲ့ရှင်တော်ဘုရားသို့ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံဥပဒေရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများနှင့် လူနာဆောင်များ၊ ခွဲစိတ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘီးလင်းမြို့နယ် အလူးလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဘီးလင်းမြို့နယ် သာသနာ့ဗိမာန်တော်နှင့် သထုံမြို့နယ် သုဝဏ္ဏခန်းမတို့၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ST Info-Comm Co.,Ltd. ဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား စင်ကာပူနိုင်ငံအခြေစိုက် ST Info-Comm Co.,Ltd. ဥက္ကဋ္ဌ Mr. Andrew Chow နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ကုမ္ပဏီ၏ လုံခြုံရေးဆိုင်ရာ နည်းပညာနှင့် ဝန်ဆောင်မှုများ၊ အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းအတွက် အလှူငွေများကို စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ဝေဝေခိုင်ထံသို့ ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တတိယအကြိမ်မြောက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာများအား ပူဇော်ကန်တော့မည်

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တတိယအကြိမ်မြောက် (၇၅)နှစ်နှင့်အထက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာများအား ပူဇော်ကန်တော့ပွဲကို မေ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ (လှိုင်နယ်မြေ) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သဖြင့် ၁၉၃၇ ခုနှစ်အထိ မွေးဖွားသော သက်ကြီးအင်ဂျင်နီယာ/ ဗိသုကာများသည် ဧပြီ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၀၁-၅၁၉၈၅၄၊ ၀၉-၅၁၄၀၀၀၃နှင့် ၀၉-၅၁၄၁၃၂၂ တို့သို့ ဆက်သွယ်အကြောင်းကြားပေးရန် မေတ္တာရပ်ခံထားသည်။ အင်ဂျင်နီယာများနှင့် ဗိသုကာများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး သက်ကြီးအင်ဂျင်နီယာ/ ဗိသုကာများအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြင့်အောင်-၅၈)

မတ် ၁၂ ရက်က ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနေ ဦးခင်မောင်ဦး မိသားစုက ဒေါ်ခင်ကြည်မေအား ရည်စူး၍ ကျောက်တန်းဘိုးဘွားများအတွက် တစ်နေ့တာအာဟာရနှင့် ဗီးချဲနှစ်လုံးတန်ဖိုးငွေကျပ်နှစ်သိန်းကို ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးလှမြင့်နှင့် ရိပ်သာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ရုပ်မြင်ခံစား ရုပ်မြင်သံကြား အစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)
၂၁-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

၃:၁၅	AFC Cup 2012 Group Stage ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ရောဝတီယူနိုက်တက်အသင်း (မြန်မာ) နှင့် Kelantan အသင်း (မလေးရှား)]
၇:၀၅	**ဒီမိုမွေးနေ့** ရှက်တယ်၊နိုင်လူ၊ ဝါးခယ်မရဲမောင်၊ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊အိဖြိုးချယ်ရီ (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)
-	နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
-	မြန်မာရုပ်ရှင် **ဝေလည်းမွေး၊ကြွေလည်းမွေး** ကျော်ဟိန်း၊ဒွေး၊တင့်တင့်ထွန်း၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ-ခင်မောင်ဦး၊စိုးသိမ်းထွဋ်)

MRTV-4

၂၁-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo
၅:၂၀	MRTV-4 သတင်း
၅:၄၀	**ဘဝနောင်ရေး စိတ်အေးချင်ပါတယ်** တရားတော် (အရှင်ခေမာသီရိလင်္ကာရ) (ရွှေပြည်ဟိန်းဆရာတော်)
၉:၁၀	ပုလဲမြို့မှ အခမဲ့အထွေထွေခွဲစိတ်ကုသပွဲ
၁၀:၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (ဟက်ကက်နှင့်တွေ့ဆုံခြင်း)
၁၁:၀၅	**ပင်လယ်ထက်က နေဝန်းနီ** ၏ အကယ်ဒမီထပ်ဆင့်ဂုဏ်ပြုပွဲ
၁၁:၃၀	MRTV-4 ဇာတ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ** (အပိုင်း-၁၉)
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရှင်ခုနစ်သံ** (အပိုင်း-၂၇)
၄:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၃၀	AFC Cup 2012 Group G **Citizen (Hong Kong) Vs Yangon United (Myanmar)**
၈:၀၀	MRTV-4 သတင်း
၈:၃၀	**မဲဘယ်လိုပေးကြမှာလဲ** (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၉:၀၀	Celebrity Style (ဖြိုးငွေစိုး)
၉:၂၀	The Shop Around The Corner (Part-48)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ**(အပိုင်း-၁၀၅)
၁၀:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့် လှစေသူ**(အပိုင်း-၂၀)
၁၁:၅၅	Word of Knowledge (Inside ; Sumo Kids)
၁:၁၀	ဂန္ထဝင်မြောက် ပန်းချီဆရာကြီး ဦးဘကြည်
၄:၂၅	မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Man City - Chelsea	(ESPN) (MRTV-4)

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ကုသပေးခြင်းအတွက် အလှူငွေပေးအပ်

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းအတွက် အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ဝေဝေခိုင်ထံသို့ အလှူငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများနှင့် တာဝန်ရှိသူများထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်းနှင့် အလှူရှင်များက အလှူငွေ စုစုပေါင်း ငွေကျပ် ၁၅၁ ဒသမ ၁ သိန်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၁ ရက်က အမှတ် (၃) အခြေခံပညာဦးစီးဌာန လှိုင်မြို့နယ် အမက (၂) မူလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၁-၂၀၁၂ ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မအေးချမ်းဖြူအား ဆရာမကြီး ဒေါ်သာနုအေး ဆုချီးမြှင့်စဉ်။ (၁၂၂)

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးလျက်ရှိသော ပြည်သူ့ဆေးရုံကြီး(ဟားခါး)(အပေါ်ပုံ)နှင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန(ယာပုံ)တို့ကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော လွိုင်လင်ခရိုင် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

နယ်စပ်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးလျက်ရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော အထွေထွေရောဂါကုဆေးရုံကြီးကို သန့်ရှင်းသပ်ရပ်စွာ တွေ့ရစဉ်။

- ❖ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း တစ်ချိန်က ခေတ်နောက်ကျကျန်ရစ်ခဲ့သော ဒေသများအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးကဏ္ဍကိုလည်း အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။
- ❖ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများ အသစ်တည်ဆောက်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။

21-3 (09).pmd 1 3/21/2012, 1:51 AM

✻ ကျောဖုံးမှ

မြို့တွင်း ခရီးသွား ယာဉ်လိုင်းများ တစ်ခေတ်ဆန်းတော့မည်ဖြစ်ကြောင်း နေ့စဉ်လိုင်းကားစီးခရီးသည် အချို့ထံမှ သတင်းကြားသိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ စတင်ဆောင်ရွက်မှုကို မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် စုံစမ်းကြည့်ရာ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော ကစ္စပနဒီကုမ္ပဏီမှ ဗန္ဓုလသယ်ယူပို့ဆောင်ရေးယာဉ်လိုင်း၏ အဓိပတိအပြာ ၁၀ စီးဖြင့်ပြေးလဆန်း၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းအဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် ဗန္ဓုလယာဉ်လိုင်းများမှ ယာဉ်လုပ်သား ၁၂၀ တို့အား မတ် ၁၇ ရက်က တောင်ဥက္ကလာပမြို့နယ် ပါရမီယာဉ်လိုင်းဝင်း၌ ipay card နှင့် စက်အသုံးပြုပုံနည်းစနစ်ကို လက်တွေ့သရုပ်ပြရှင်းလင်းခဲ့သည်။

လိုင်းကားစီးခရီးသည်များ အဆင်ပြေပြေအသုံးပြုနိုင်ရေးအတွက်ကိုလည်း ကုမ္ပဏီဝန်ထမ်းများက မတ် ၁၉ ရက်မှစတင်ကာ အဓိပတိအပြာယာဉ်လိုင်းများပေါ်တွင် လက်တွေ့သရုပ်ပြဆောင်ရွက်လျက်ရှိသည်။

အဆိုပါစနစ်ကိုသုံးခြင်းဖြင့် ယာဉ်လိုင်းများပေါ်တွင် ငွေစက္ကူဖြင့် ယာဉ်စီးခ အပေးအယူလုပ်စရာ မလိုတော့သည့်အတွက် ယာဉ်နောက်လိုက်များအနေဖြင့် ငွေအကြွေဆောင်ထားရခြင်း၊ ပြန်အမ်းရခြင်းဒုက္ခများမှကင်းဝေးနိုင်ပြီး ခရီးသည်များအဖို့လည်း ယာဉ်နောက်လိုက်က ပြန်အမ်းရမည့်ငွေကို စောင့်မျှော်နေရသည့် သောကများမှ ကင်းဝေးသွားနိုင်တော့မည်ဖြစ်သည်။

ယာဉ်နောက်လိုက်တစ်ဦးအနေဖြင့် ကုမ္ပဏီမှထုတ်ပေးထားသော ငွေဖြတ်စက်တစ်လုံးသာလျှင် ကိုင်ဆောင်ထားရမည်ဖြစ်ပြီး ခရီးသည်က မိမိ၌ရှိသော ipay card ကို စက်တွင်တို့ထိလိုက်ရုံဖြင့် စက္ကန့်ပိုင်းအတွင်း အဆင်ပြေနိုင်သည်။ ထို့အပြင် ခရီးသည်အတွက် ယာဉ်စီးခနုတ်ပြီး ငွေလက်ကျန်ကို ဖော်ပြထားသောဖြတ်ပိုင်းလေးတစ်ရွက် စက်မှ ထွက်လာမည်ဖြစ်သည်။

ယာဉ်လိုင်းများကလည်း မိမိရရှိမည့်ငွေကို နီးစပ်ရာ ipay station များ၌ ထုတ်ယူနိုင်ပြီး ခရီးသည်များအနေဖြင့် ထို Station များမှာပင် ipay card တစ်ခုလျှင် ငွေကျပ် ၃၀၀ ဖြင့် ကနဦးဝယ်ယူရမည်ဖြစ်သည်။ ယာဉ်စီးရန်အတွက်ကိုမူ မိမိဆန္ဒရှိသလောက် ငွေကျပ် ၁၀၀၀ မှစတင်ထည့်သွင်းနိုင်ကြောင်း သိရသည်။

ယာဉ်လိုင်းတွင် အသုံးပြုရမည့် ငွေဖြတ်စက်တစ်လုံး၏ တန်ဖိုးမှာ ငွေကျပ်လေးသိန်းခွဲရှိပြီး ကနဦးစီမံကိန်းကာလတွင် ယာဉ်များအား အခမဲ့တပ်ဆင်ပေးထားမည်ဖြစ်ပြီး နောက်ပိုင်းကာလများတွင် ဝယ်ယူရမည်ဖြစ်ကြောင်းလည်း ထပ်မံသိခွင့်ရခဲ့သည်။

စီမံကိန်းမန်နေဂျာ ဦးအောင်ကျော်က "ကျွန်တော်တို့ ဒီပြေလဆန်းကစပြီး အဓိပတိအပြာ ၁၀ စီးနဲ့ စတင်ပါမယ်။ နောက်. . ၊ ၁၀ စီး. . ၊ ၁၀ စီးနဲ့ တိုးသွားမှာပါ။ မထသယာဉ်လိုင်းကြီးများမှာပါ အသုံးပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။

ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ "ipay card တွေကို ဒီဇိုင်းအမျိုးအစား ၃၀၀ ခန့် ပြုလုပ်ထားပါတယ်။ ကားပေါ်မှာ ခရီးသည်က ကတ်ကိုကိုင်ပြီး စက်မှာ ထိရုံလေးထိရတာဖြစ်တဲ့အတွက် သူ့ကတ် ကိုယ့်ကတ်ဘယ်လိုမှ မှားနိုင်စရာ မရှိပါဘူး၊ နောက်ပြီး မိမိကတ်ပျောက်သွားရင်လည်း နီးစပ်ရာ Station တွေမှာ အကြောင်းကြားပါ။ ကျွန်တော်တို့ အဲဒီကတ်ကို ဆက်သုံးလို့မရအောင် ချက်ချင်းပိတ်ပြီး နောက်ကတ် အသစ်တစ်ကတ်ကို မူလတန်ဖိုးအတိုင်းနဲ့ပဲ ထုတ်ပေးလိုက်ပါမယ်၊ ကတ်ထဲမှာ ကျန်တဲ့ လက်ကျန်ငွေကိုလည်း တစ်ပါတည်း ပြန်ထည့်ပေးလိုက်ပါမယ် "ဟု ၎င်းကပင် မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြပေးပါသည်။

ယာဉ်လုပ်သားများ အဆင်ပြေစွာ ငွေထုတ်ယူနိုင်ရေး၊ ခရီးသွားများ ကတ်ဝယ်ယူနိုင်ရေးနှင့် ငွေဖြည့်နိုင်ရေးအတွက် ipay card station များကို လှော်ကား CNG ဓာတ်ငွေ့အရောင်းဆိုင်ရှေ့၊ တညင်းကုန်း CNG ဆိုင်ဘေး၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ သမိုင်းဘုရားလမ်းမီးပွိုင့်အနီး၊ စော်ဘွားကြီးကုန်းလမ်းဆုံ၊ ပန်းဆိုးတန်း တရားရုံးရှေ့၊ ပါရမီကားဝင်းများအတွင်း၌ ထားရှိ မည်ဖြစ်ကြောင်း သိရှိရသည်။

ipay card အသုံးပြုရေးသင်တန်းတွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေး မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမြင့် အမှာစကားပြောကြားစဉ်။

အာဆီယံကုန်သွယ်ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းအဖွဲ့စည်းဝေး

ရန်ကုန် မတ် ၂၀

အာဆီယံနိုင်ငံများနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ (၂၃)ကြိမ်မြောက် အာဆီယံကုန်သွယ်ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး (The 23rd ASEAN MARITIME TRANSPORT WORKING GROUP MEETING) ကို မတ် ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များက အာဆီယံဒေသအတွင်း ပေါင်းစည်းသော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာနိုင်စေရန်အတွက် ASEAN' Single Shipping Market တစ်ခုပေါ်ပေါက်လာစေရန်၊ အရေးပေါ် ရေကြောင်းဘက်ဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်၊ သင်္ဘောနှင့် ဆိပ်ကမ်းဘက်ဆိုင်ရာများတွင် ဘေးကင်းစွာ မောင်းနှင်သွားလာနိုင်ရန်၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ စွမ်းအားရှိရှိ ပေါ်ထွက်လာစေရန်၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ကွန်ဗင်းရှင်းများအား လက်မှတ်ရေးထိုးအကောင်အထည်ဖော်နိုင်စေရန်၊ရန်ကုန်-ဒါနန်း(ဗီယက်နမ်) ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများအတွက် ဒေသတွင်းအစီအမံများ ချမှတ်နိုင်စေရန်၊ အာဆီယံဒေသအတွင်း ရေကြောင်းဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကအဖွဲ့အစည်းကဏ္ဍများနှင့်ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ရုရှားနှင့်အိန္ဒိယနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်စေနိုင်ရန်၊ IMO-ASEAN လက်တွဲကာ ပိုမိုပူးပေါင်း ဆောင်ရွက်စေနိုင်ရန်ကိစ္စများကို ဆွေးနွေးကြသည်။ အဆိုပါအစည်းအဝေးကို မတ် ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဝါးခယ်မမြို့နယ်၌ ချေးငွေပေးအပ်

ဝါးခယ်မ မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဒုတိယအကြိမ် ချေးငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁၅ ရက် ညနေ ၃ နာရီက ဝါးခယ်မမြို့ ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ချေးငွေပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဦးကျော်ဝင်းနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့က အသေးစားချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးက မြို့နယ်အုပ်ချုပ်ရေးမှူးထံ ငွေကျပ်သိန်း ၄၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၃၉)

ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များ အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၂၀

အိန္ဒိယသမ္မတနိုင်ငံ Hyderabad မြို့တွင် အိန္ဒိယသမ္မတနိုင်ငံ Electronics and Computer Software Export Promotion Council (ESC)မှ ကြီးမှူး၍ Hyderabad International Convention Centre ၌ မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် INDIA SOFT 2012 သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းအလုပ်အမှုဆောင် ဦးသိန်းထွန်းဖေ ဦးဆောင်၍ အသင်းဝင်ကုမ္ပဏီများမှ တာဝန်ရှိသူတို့ပါဝင်သည့်အဖွဲ့သည် မတ် ၁၉ ရက် နံနက်က လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်သန်းသန်းတင့်နှင့် ဦးထင်အောင်ခိုင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (၁၆၈)

တောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးတော့မည်

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော စက်မှုဖွံ့ဖြိုးသည့် နိုင်ငံအဖြစ်သို့ ဦးတည်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးသီးနှံများ တိုးတက်ထွက်ရှိရေး၊ ပြည်တွင်းဖူလုံရေး၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တောင်သူလယ်သမားများအား သီးနှံများ စတင်စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းပြီးချိန်အထိလိုအပ်သော သွင်းအားစုများ ဖြည့်တင်းနိုင်ရေးအတွက် ငွေစုငွေချေးအသင်းအဖွဲ့များက လိုအပ်သည့် ငွေများ ထုတ်ချေးပေးနေသည့်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်းတောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ထုတ်ချေးရာတွင် နိုင်ငံတော်အစိုးရက အတိုးနှုန်းများ လျှော့ချပေးခဲ့သည့်နည်းတူ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဘဏ်လုပ်ငန်းဖြင့် ပံ့ပိုးကူညီနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးစရိတ်ချေးငွေပမာဏ တိုးတက်ထုတ်ချေးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများအပေါ် အတိုးနှုန်းကို ယခင်က ၁၇ ရာခိုင်နှုန်းဖြင့် ကောက်ခံခဲ့ရာမှ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အတိုးနှုန်းကို ၁၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းသို့လည်းကောင်းအသီးသီး လျှော့ချပေးခဲ့သည်။ တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေ ပမာဏနှုန်းထားကိုလည်း ယခင်ငွေကျပ် ၂၀၀၀၀ နှုန်းမှ တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းသို့ တိုးမြှင့်ထုတ်ချေးပေးခဲ့သည်။

ယခုအခါတွင် ပုဂ္ဂလိကဘဏ်များမှ ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းမှာ ၁၃ ရာခိုင်နှုန်းဖြစ်သော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် တောင်သူလယ်သမားများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မှု ခင်း သ တင်း

လမ်းဖြတ်ကူးသူနှင့် ကားပေါ်မှပြုတ်ကျသူ သေဆုံး

ဖြူး မတ် ၂၀

မတ် ၁၅ ရက် နံနက် ၉ နာရီ မိနစ်၂၀ တွင် ဖြူးမြို့နယ် ဖြူးအမြန်လမ်း ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၁၄/၆နှင့် ၁၁၄/၇အကြား၌ ရန်ကုန်မြို့မှ မကွေးမြို့သို့ ယာဉ်မောင်း အငယ်လေး(ခ)သက်မင်းထွန်း(၂၇)နှစ်(ဘ)ဦးတင်မောင်ဝင်း အမှတ် ၇၉(က)အေ ၅ ဇီးဖြူခင်လမ်း ဆားဆီရပ်ကွက် မကွေးမြို့နေသူ မောင်းနှင်သည့်ယာဉ်အမှတ် ၆ခ/. . . ခရီးသည်တင်(ဖူဆို)အမျိုးအစား မော်တော်ယာဉ်က လမ်းဖြတ်ကူးလာသည့် စိုးမင်းထွန်း (၂၆)နှစ် (ဘ) ဦးစောထွန်း မင်းဂံရိုးကျေးရွာ ဖြူးမြို့နယ်နေသူအား ဝင်ရောက်တိုက်မိရာ စိုးမင်းထွန်းမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး နေရာတွင်ပင် သေဆုံးသွားကြောင်း သိရှိရသည်။ အလားတူ ဖြူးရဲစခန်းအပိုင် ဖြူးမြို့ အနောက်ဘက်မိုင် ၃၀ အကွာ ခင်တန်းကြီး ကျေးရွာအုပ်စု ပဲခူးရိုးမတောင်ပေါ်တောရစ်သစ်ကွင်းအနီး သစ်ထုတ်ကားလမ်းပေါ်တွင် မတ် ၁၆ ရက် ည ၉ နာရီခန့်က သစ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုမှ သစ်လုံးများတင်ဆောင်၍ ဖြူးမြို့နယ် ကျီးမနိုးသစ်ဆိပ်သို့ ယာဉ်မောင်း မြင့်သိန်း(၃၆)နှစ် (ဘ) ဦးဟန်ချို ရေအိုးစင်ရွာ ညောင်ပင်သာအုပ်စု ဖြူးမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် မ/. . . ဂျီအမ်စီ အစိမ်းရောင် ၁၀ဘီးကား ပေါ်တွင် လိုက်ပါစီးနင်းလာသော ကိုဇော် (၃၂)နှစ် (ဘ) ဦးကျော်ဟိန်း ၄၇လမ်း ဘန်းလောင်ရပ် ဖြူးအရှေ့ အုပ်စု ဖြူးမြို့နေသူသည် သစ်လုံးတင်ကားပေါ်မှပြုတ်ကျသဖြင့် ဒဏ်ရာပြင်းထန်စွာ ရရှိကာ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

(၁၁၃)

နှစ်လုံး၊ သုံးလုံးထီ ဒိုင်အား ညောင်လေးပင်မြို့၌ ဖမ်းဆီးအရေးယူ

ညောင်လေးပင် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့(အထူး)အဖွဲ့မှ ရဲအုပ်ကိုကိုကြီး ဦးဆောင်သောအဖွဲ့နှင့် ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ်ကျော်ကျော်ဦး ပူးပေါင်းပါဝင်သောအဖွဲ့သည် မတ် ၁၆ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ညောင်လေးပင်မြို့နယ် မြို့မ(၁)ရပ်ကွက် ကန်တော်ဦး(၄)လမ်းနေ ကျော်မြင့် (၅၈)နှစ် (ဘ)ဦးဘိုစိန်၏ နေအိမ်၌ တရားမဝင်နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ချဲထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်း၊ ပစ္စည်းကိရိယာများနှင့် လောင်းကြေးငွေကျပ် ၂၆၇၁၅၀၀ကို ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(၁၃၈)

လှူဒါန်း

မတ် ၁၅ ရက်က သဃ်္ာန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း **Yangon International School** မှ ကျောင်းသား ကျောင်းသူများက သဃ်္ာန်းကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၏ မီးသတ်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းသို့ အလှူငွေများလှူဒါန်းရာ မြို့နယ်မီးသတ်ဦးစီးမှူး လက်ခံယူစဉ်။

(၀၂၅)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကျင်းပ

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများကို ဆွေးနွေး

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၁၆)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ **၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးလှထွန်းက ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားကို ရယူပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် **၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများ** ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်နှင့် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် လက်ခံဆွေးနွေးရန် အဆိုတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မဲဆန္ဒနယ်မှ ဦးသိန်းရီက ထောက်ခံဆွေးနွေးသည်။

မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၊ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါလျှံလွင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊

ယင်းနောက် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘော ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် ဘတ်ဂျက်ခွဲဝေပေးမှု၊ အခွန်ကောက်ခံမှုတွင် အခွန်နှုန်းထားလျှော့ချရန်နှင့် အခွန်နယ်ပယ် ကျယ်ပြန့်လာစေရန် ပြင်ဆင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက တပ်မတော်သားသစ်များ စုဆောင်းရာတွင် စစ်ဆေးမှု၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တွင် အစုရှယ်ယာများအပေါ် အမြတ်ငွေခွဲဝေပေးမှုများတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာန၏ ခန့်မှန်းခြေငွေအသုံးစရိတ်နှင့် နိုင်ငံတော်စီမံကိန်းများတွင် မိမိနိုင်ငံသားများ ပိုမို၍အလုပ်အကိုင်ရရှိရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရေးနှင့် ဆရာ၊ ဆရာမများ ပိုမိုခန့်ထားရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်တွင် ခွဲဝေရရှိသောဘဏ္ဍာငွေမှ ဆေးတက္ကသိုလ်များ၊ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရေးနှင့် စရိတ်မျှပေးကျန်းမာရေးစနစ်အတွက် ဆေးဝါးများ ပိုမိုဝယ်ယူသွားရေးကိစ္စတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာ အားကစား

အာကာကျော် - ရေးသားသည်

အင်ဒီးယန်းဝဲလ်တင်းနစ်ဖလား

ဖက်ဒဲရား စတုတ္ထအကြိမ် ဆွတ်ခူး

ကယ်လီဖိုးနီးယား မတ် ၂၀

နာမည်ကြီး တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရားသည် မတ် ၁၉ ရက်က အင်ဒီးယန်းဝဲလ် တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခွင့်ကို အနိုင်ရပြီး အင်ဒီးယန်းဝဲလ် (Indian Wells) ဖလားကို စတုတ္ထအကြိမ်မြောက် ဆွတ်ခူးသွားခဲ့သည်။

ဖက်ဒဲရား **(အပေါ်ယာပုံ)**သည် အဆိုပါပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်ကို အနိုင်ရလိုက်သဖြင့် တင်းနစ်ပွဲကြည့်ပရိသတ်များ အံ့မခန်းဖြစ်ခဲ့ရသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❐

မြို့တွင်းခရီးသွားယာဉ်လိုင်းများ တစ်ခေတ်ဆန်းတော့မည်

လိုင်းကားစီး ခရီးသည်များ အသုံးပြုရမည့် ipay card များကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် မတ် ၂၀

မြို့တွင်းခရီးသွားများ လိုင်းကားများစီးစဉ် ယာဉ်စီးခပေးဆောင်ရာတွင် ပိုမိုအဆင်ပြေပြီး နိုင်ငံတကာအဆင့်မီ စီးနင်းနိုင်စေရန်အတွက် ငွေစက္ကူအစား ipay card စနစ်ဖြင့် ယာဉ်လိုင်းအချို့၌ စတင်ဆောင်ရွက်တော့မည် ဖြစ်ရာ

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

နိုင်ငံတကာအနုပညာ

မြင့်မောင်စိုး - ရေးသားသည်

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီးသုံးဦး အေဂျင်စီအမည်သစ်ဖြင့် အနုပညာလုပ်ငန်းများလုပ်မည်

ဆိုးလ် မတ် ၂၀

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဆန်ယီဂျင်၊ လီမင်ဂျောင်နှင့် မွန်ချေဝမ်

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဆန်ယီဂျင်၊ လီမင်ဂျောင်နှင့် မွန်ချေဝမ် **(ယာပုံ)**တို့၏ ယခင်က တည်ထောင်ထားသော ကရန်ဆန်အမည်ရှိ အနုပညာလုပ်ငန်းအေဂျင်စီကို MS Team ဟု အမည်သစ်ပြောင်းလိုက်ပြီဖြစ်ကြောင်း မတ် ၁၉ ရက်က သတင်းထုတ်ပြန်သည်။

၄င်းတို့၏ အေဂျင်စီရုံးခန်းကိုလည်း ဆိုးလ်မြို့ရှိ နန်ဟွန်ဒေါင်အရပ်သို့ ပြောင်းရွှေ့ဖွင့်လိုက်ပြီဖြစ်ရာ အနုပညာလုပ်ငန်းများအား ဆက်သွယ်လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများ ဆက်သွယ်နိုင်ပြီဖြစ်သည်။

အမည်သစ်ပြောင်းလိုက်သည့် MS Team အေဂျင်စီတွင် ဥက္ကဋ္ဌအဖြစ် ကင်မင်ဆော့ခ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အေဂျင်စီ၏ကြော်ငြာများ၊ ဒီဇိုင်းများနှင့် အထိမ်းအမှတ်လိုဂိုများကိုလည်း အသစ်ပြောင်းလဲသွားမည်ဖြစ်သည်။

တိုးချဲ့ဆောင်ရွက်

တောင်ကိုရီးယားရုပ်ရှင်မင်းသမီးများဖြစ်သည့် ဆန်ယီဂျင်၊ လီမင်ဂျောင်နှင့် မွန်ချေဝမ်တို့အနေဖြင့် ပြည်တွင်း ပြည်ပ ရုပ်ရှင်ကားများ၊ ကြော်ငြာများနှင့် အခြားအနုပညာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် တောင်ကိုရီးယားမင်းသား၊ မင်းသမီးအဖွဲ့ဝင်များ တိုးတက်များပြားလာပြီး အနုပညာအင်အားတောင့်တင်းသည့် အေဂျင်စီအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ *စာ-၅ သို့* **(အင်တာနက်)**

21-3 (20).pmd 1 3/21/2012, 1:52 AM